၁၉၉၅ ခု အောက်တိုဘာလမှစတင်၍
အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

*Published by Voice of Burma Information Group*

*Issue No. 714 June 14, 2009*

**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**
**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , voburma@ac.auone-net.jp**

## ဒေါ်အောင်ဆန်းစုကြည်ကို တရားစွဲဆိုနေမှု ရုံးချိန်းကို ၂၆ ရက်နေ့အထိ ရွှေ့ဆိုင်း

**VOA ၊ ဂျွန် ၁၂ ။ ။** ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ရုံးတင်တရားစွဲဆိုနေတဲ့ အမှု ရုံးချိန်းကို ဂျွန် လ ၂၆ ရက်နေ့အထိ ရွှေ့ဆိုင်းလိုက်တယ်လို့ အမှုကို လိုက်ပါဆောင်ရွက်ပေးနေတဲ့ အကျိုးဆောင်ရှေ့နေတွေက ပြောပါတယ်။

ဒီကနေ့ အင်းစိန်ထောင်ဝင်းထဲက အထူးတရားရုံးမှာ မိနစ် ၂၀ လောက်ပဲ ကြာခဲ့တဲ့ ရုံးချိန်းအတွင်း အခုလို ရွှေ့ဆိုင်းလိုက်တာလို့ ဆိုပါတယ်။ ဒါနဲ့ပတ်သက်ပြီး VOA က အကြောင်းစုံသိရအောင် ဆက်သွယ်မေးမြန်းတဲ့အခါ ဦးဉာဏ်ဝင်းက အခုလို စပြီးဖြေပါတယ်။

“ဒီနေ့ကတော့ ကျနော်တို့ အင်းစိန်တရားရုံးပေါ့၊ မူလတရားရုံးကို ကျနော်တို့ သွားပါတယ်။ ဒီနေ့ ၁၂ ရက်နေ့ကို ရုံးချိန်းထပ်ရှိတာကိုး၊ အဲတော့ ရုံးလည်း အားလုံးထွက်ပါတယ်၊ ဒေါ်စုရော မစ္စတာယက်တော၊ ဒေါ်ခင်ဝင်းတို့အားလုံးထွက်ပါတယ်။ ရုံးချိန်းအနေနဲ့ကတော့ ၉ ရက်နေ့က တိုင်းတရားရုံးက ဒေါ်ခင်မိုးမိုးကို သက်သေအဖြစ် စစ်ဆေးခွင့်ပေးထားတယ်။ ဒေါ်ခင်မိုးမိုးက တောင်ကြီးမှာနေတာ၊ အဲဒါကြောင့် သူ့ကိုစစ်ဖို့ ၂၆ ရက်နေ့ကို ရုံးချိန်းပေးလိုက်တယ်၊ ၂၆ ရက်နေ့မှာ ဒေါ်ခင်မိုးမိုးကို စစစ်မယ်”။

၂၆ ရက်နေ့မှာ ဒေါ်ခင်မိုးမိုးကို စစ်မယ်ဆိုတော့ ဒီကြားထဲမှာ သက်သေရုံးချိန်းလည်းရှိတယ်၊ အဲဒါကို ပြန်ဖျက်တယ်လို့ ကျနော်တို့ကြားပါတယ်၊ အဲဒီအခြေအနေ သိပါရစေခင်ဗျ…

“အဲဒီအခြေအနေက မနေ့က နေ့ခင်းမှာ ၁၇ ရက်နေ့လို့ ကျနော်တို့ဆီကို အကြောင်းကြားတယ်၊ ပြီးတော့ ညနေ ၄ နာရီလောက်ကျတော့ အဲဒါကို ပြန်ဖျက်တယ်၊ နောက်ထပ်ရုံးချိန်းပေးမယ်လို့ ပြောသွားတယ်၊ ဒီနေ့ ညနေကျတော့ အဲဒီ ၁၇ ရက်နေ့ကိုပဲ ပြန်ပြီး အတည်ဖြစ်သွားပြန်ပြီ၊ ကျနော်တို့ ၁၇ ရက်နေ့မှာ လက်ခံရေးလျှောက်လဲချက်ပေးရမယ်။”။

ဒီအပေါ်မှာ ဘယ်လိုနားလည်ပါသလဲ…

“ကျနော်တို့က ဒါမျိုးသိပ်မတွေ့ဖူးဘူးလေ၊ တရားရုံးချုပ်ဆိုတာ တိတိကျကျပဲလုပ်တာ၊ ဒီတခါကျတော့မှ ရုံးချိန်းပေးလိုက် ပြင်လိုက်၊ နောက်တခါပြန်အတည်ဖြစ်ပေါ့ဗျာ၊ ဒါကတော့ သူတို့ကိစ္စပဲလေ၊ ကျနော်တော့ မသိဘူး”။

ဆိုတော့ ဒီ ၁၇ ရက်နေ့မှာ သက်သေကိစ္စရုံးချိန်း၊ ၂၆ ရက်နေ့မှာက နဂိုရုံးချိန်းပေါ့…

“ဟုတ်ပါတယ်”။

တကယ်လို့ ၁၇ ရက်နေ့မှာ သက်သေကိစ္စမပျက်ခဲ့ဘူးဆိုရင် ဘယ်လိုဖြစ်မလဲ၊ ၁၇ ရက်နေ့က တရားရုံးချုပ်က နောက်ဆုံးအဆင့်ပဲလားခင်ဗျ…

“ဟုတ်ကဲ့၊ ဒီကိစ္စတွေနဲ့ပတ်သက်ရင်တော့ နောက်ဆုံးအဆင့်ပဲ”။

တကယ်လို့ အဲဒီနေ့မှာ မပြတ်ခဲ့ဘူး၊ နောက်တရက်ထပ်ချိန်းတယ်ဆိုရင် ၂၆ ရက်နေ့ရုံးချိန်းက ဘယ်လိုဖြစ်သွားမလဲ…

“၂၆ ရက်နေ့ကတော့ တိုင်းကခွင့်ပြုထားတဲ့ဟာ၊ ဒါကတော့ ဆက်စစ်မှာပေါ့”။

ဒီကနေ့ ဒေါ်အောင်ဆန်းစုကြည်ကို တွေ့ရတဲ့အခါ အန်တီကျန်းမာရေးဘယ်လိုရှိပါသလဲ…

“ကျနော်မြင်တာကတော့ ဒေါ်စုက ကျန်းမာရေးကောင်းပါတယ်၊ ခါတိုင်းလိုပဲ လန်းလန်းဆန်းဆန်း တက်တက်ကြွကြွပါပဲ၊ ကျနော်တို့ ဒီနေ့ကတော့ သိပ်တော့မကြာဘူး၊ ၁၅ မိနစ်၊ မိနစ် ၂၀ လောက်တော့ စကားပြောခွင့်ရပါတယ်”။

ဒေါ်အောင်ဆန်းစုကြည်က သူ့ရဲ့အမှုကိစ္စက နိုင်ငံရေးဆက်နွှယ်တဲ့ကိစ္စလို့ပြောတော့ အဲဒီအပေါ်မှာ အန်ကယ်ဘယ်လိုနားလည်ပါသလဲ…

“ကျနော်နားလည်တာထက်ကို ဒေါ်အောင်ဆန်းစုကြည် ပြောတဲ့စကားနဲ့ ပြောရရင် စပြီးတော့ ထိန်းသိမ်းတဲ့ ဥပဒေပေါ့၊ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူ ဘေးအန္တရာယ်မှ ကာကွယ်ရေးဆိုတဲ့ ဥပဒေ၊ ဒီဥပဒေ ကိုယ်တိုင်ကိုယ်က နိုင်ငံရေးကိစ္စပဲ၊ ထိန်းသိမ်းတာလည်း နိုင်ငံရေးကိစ္စနဲ့ အထိန်းသိမ်းခံရတာ၊ အခု တရားစွဲတော့လည်း ဒီဥပဒေပုဒ်မနဲ့ပဲ စွဲတယ်၊ ဆိုတော့ ဒါက နိုင်ငံရေးအမှုပဲလို့ ဒေါ်အောင်ဆန်းစုကြည်က ဒီလိုပြောပါတယ်”။

ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ရေဒီယိုနားထောင်ခွင့်ရှိသလား၊ စာရေးဖတ်ခွင့်ရှိပါသလား၊…

“ရေဒီယိုနားထောင်ခွင့်မရှိဘူး၊ သတင်းစာလည်းမရဘူး၊ ကျနော်တို့ အင်္ဂလိပ်စာအုပ်တွေ ပြင်သစ်စာအုပ်တွေကတော့ ထောင်ဝန်ထမ်းတွေကတဆင့် ပေးပါတယ်။ ဖတ်ခွင့်ရပါတယ်။”

ဒေါ်အောင်ဆန်းစုကြည်ကို ရုံးတင်တရားစွဲဆိုထားတဲ့အမှုကို ရုံးချိန်းရွှေ့ဆိုင်းလိုက်တာနဲ့ပတ်သက်လို့ အမှုမှာ လိုက်ပါဆောင်ရွက်ပေးနေသူ ရှေ့နေကြီး ဦးဉာဏ်ဝင်းပြောပြခဲ့တာဖြစ်ပါတယ်။

☆☆☆☆☆

**ဒေါ်အောင်ဆန်းစုကြည်ကို အပုပ်ချရန်ကြံစည်မှုကိုပြည်သူများစက်ဆုတ်ရွံရှာ**
**စာမျက်နှာ ၃**

**နအဖစစ်ဗိုလ်ချုပ်တွေကို အရေးယူနိုင်ကြောင်း အိုင်အဲလ်အိုဆုံးဖြတ်ချက်ချ**
**စာမျက်နှာ ၅**

**ဒေါ်အောင်ဆန်းစုကြည် အမှုအတွက် အဖွဲ့ချုပ်လူငယ် ပြင်းထန်စွာ ကန့်ကွက်**
**စာမျက်နှာ ၇**

**ငြိမ်းချမ်းရေးထက် စစ်ရေးသာလိုလားကြောင်း နအဖလုပ် ရပ်များက သက်သေပြ**
**စာမျက်နှာ ၁၀**

**ကောက်ရိုးမီးတောက်ကို ကျော်လွန်၍ မီးကုန်ယမ်းကုန် အဆုံးသတ် တိုက်ပွဲဆီသို့**
**စာမျက်နှာ ၁၇**

VOB အာဘော်

# ဥပဒေကြောင်းအရရော နိုင်ငံရေးအရပါတိုက်ရမည်

ဧပြီလ ၂၉ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ရွှေဂုံတိုင်ကြေငြာချက်သည် နိုင်ငံရေးအရ အားကောင်းခိုင်မာသည့် ကြေညာချက်တခုဖြစ်သည့်အပြင် အခြေအနေအချိန်အခါနှင့်လိုက်ဖက်ညီလှပေသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နိုင်ငံရေးပါတီဖြစ်သည့်အားလျော်စွာ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းများဖြင့်သာ ဖြေရှင်းမည်ဆိုသည့်ဖြောင့်မတ်မှန်ကန်သည့်လမ်းစဉ်ကို ကိုင်စွဲကျင့်သုံးလျက်ရှိသည်။ ထို့ကြောင့်ပင် မြန်မာစစ်အာဏာပိုင်များအား တွေ့ဆုံဆွေးနွေးမှုများဖြင့် နိုင်ငံ့ပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် အစဉ်တစိုက်ဖိတ်ခေါ်နေခဲ့သည်။ သို့သော် စစ်အာဏာရှင်နအဖကမူ ဖုတ်လေသည့်ငပိ ရှိသည်ဟု မှတ်ယူခြင်းမရှိပဲ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တွေ့ဆုံဆွေးနွေးရေးကမ်းလှမ်းချက်များကို မသိကျိုးကျင်ပြုထားသည်မှာ ယနေ့တိုင်ဖြစ်သည်။

ထိုကြေငြာချက်ထုတ်ပြန်ပြီး ရက်သတ္တ နှစ်ပတ်အကြာတွင် ဒေါ်အောင်ဆန်းစုကြည်အား အကွက်ဆင်ကာတရားစွဲ၍ အပြစ်ပေးနိုင်ရေးကို စစ်အုပ်စုက လုပ်ဆောင်လာသည့်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် မိမိတို့ခေါင်းဆောင်ကို မတရားဖမ်းဆီးထောင်ချရေးကြံစည်မှုများကို ကျော်လွှားအနိုင်ရရေးအတွက် ကြိုးပမ်းလာရပြန်သည်။ ထိုအချိန်တွင် နိုင်ငံတကာ၏ဖိအားက စစ်အာဏာရှင်များအပေါ် ပြင်းထန်စွာကျရောက်နေသည့်အတွက် ဒေါ်အောင်ဆန်းစုကြည်အား ထောင်ချသည့်စီရင်ချက်ချမှတ်ရေးလုပ်ကြံလိမ်လည်မှုသည် ထင်တိုင်းမပေါက်ဖြစ်နေသည်။ ထို့ကြောင့်ပင် အမှုစစ်ဆေးကြားနာမှုများကို ရက်ချိန်းပေးကာ ရွှေ့ဆိုင်းနေခဲ့သည်မှာ သုံးကြိမ်ရှိနေပြီဖြစ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နိုင်ငံရေးပါတီတရပ်ဖြစ်သည့်အပြင် ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲတွင် လူထု၏တခဲနက်ထောက်ခံအားပေးမှုကို ရထားသည့်အတွက် ထိုကဲ့သို့ထောက်ခံမှု တနည်းအားဖြင့်ဆိုလျှင် mandate ရထားသည့် နိုင်ငံရေးအရဦးဆောင်မှုပေးရမည့်ပါတီလည်းဖြစ်သည်။ ဤသည်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏တာဝန်တရပ်ဖြစ်သည်။ ရွှေဂုံတိုင်ကြေညာချက်ထွက်ပေါ်လာခဲ့ပြီးနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နိုင်ငံရေးဦးဆောင်လှုပ်ရှားမှုကို သိသာခိုင်မာစွာလုပ်ဆောင်နိုင်ခြင်းမရှိပဲ ဒေါ်အောင်ဆန်းစုကြည်မတရားစွဲဆိုခံနေရသည့်အမှုကိုသာ အာရုံစိုက်ကြိုးပမ်းလျက်ရှိသည်။ ဥပဒေရေးရာကိစ္စများအတွက် ဥပဒေအကြံပေးများ၊ ရှေ့နေများက ဦးဆောင်ကြိုးပမ်းရပြီး ပါတီခေါင်းဆောင်များက လိုအပ်သည့်တိုင်ပင်ဆွေးနွေးမှုများဖြင့် ဆုံးဖြတ်ခြင်းများပြုရမည်ဖြစ်သည်။

နိုင်ငံရေးပါတီဖြစ်သည့်အားလျော်စွာ နိုင်ငံရေးနည်းအရ တွေ့ဆုံဆွေးနွေးပွဲဖြစ်ပေါ်ရေး၊ ဒီမိုကရေစီရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်အကောင်အထည်ဖော်ရမည်မှာ အရေးကြီးသည့်ကိစ္စရပ်ဖြစ်သည်။ အထူးသဖြင့် ဒေါ်စုကိစ္စကို အကြောင်းပြု၍ နိုင်ငံတကာဖိအားမြင့်တက်နေသောအချိန်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် စစ်အာဏာရှင်များအား တွေ့ဆုံဆွေးနွေးမှုများပြုလုပ်လာစေရေးအတွက် နိုင်ငံရေးနည်းလမ်းများဖြင့် ဖိအားပေးနိုင်ရေး၊ ဆွဲဆောင်နိုင်ရေးအတွက် ဗျူဟာချလက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်လှပေသည်။ ထိုသို့လုပ်ဆောင်နိုင်ရေးအတွက် လိုအပ်သည့်အခြေအနေ အဝန်းအဝိုင်းများကို ဖန်တီးပေးနိုင်ရေးအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်တိုင်သာမက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုထောက်ခံသော၊ ဝိုင်းရံပံ့ပိုးပေးနေသော အင်အားစုအားလုံးကပါ စုပေါင်းဝိုင်းဝန်းကြိုးပမ်းရန်လိုအပ်နေပြီဖြစ်ကြောင်း သတိပေးနှိုးဆော်လိုက်ရပေသည်။

---

# ဒေါ်အောင်ဆန်းစုကြည်ဘက်မှ သက်သေတဦးတင်သွင်းခွင့် တရားရုံးမှ လက်ခံ

**NEJ၊ ဂျွန် ၉။** ။ ယနေ့တရားခွင်တွင် ဒေါ်စုဘက်မှ သက်သေတဦးကို ရန်ကုန်တိုင်းတရားရုံးက ထပ်မံတင်သွင်းခွင့်ပြုလိုက်ပါတယ်။ အဆိုပါ သက်သေခံခွင့်ပြင်ဆင်မှုတွင်ပါဝင်သော သက်သေ ၃ ဦးအနက် NLD ဒုဥက္ကဋ္ဌဦးတင်ဦးနှင့် ဗဟိုအလုပ်အမှုဆောင် အတွင်းရေးမှူးဦးဝင်းတင်တို့ကို ရန်ကုန်တိုင်း တရားရုံးက ပယ်ချကာ ဒေါ်ခင်မိုးမိုးကို သက်သေထွက်ဆိုခွင့်ပြုလိုက်ခြင်းဖြစ်ပါတယ်။

"ရန်ကုန်တိုင်းတရားရုံးက ဦးတင်ဦး၊ ဦးဝင်းတင်တို့ကို ဘာကြောင့်လက်မခံရသလဲဆိုတာကို သီးခြားပြောတာမရှိဘူး။ ဒီနှစ်ဦးနဲ့ပတ်သက်ပြီးတော့ အောက်ရုံးရဲ့ဆုံးဖြတ်ချက်ကို ပြင်ရန်အကြောင်းမရှိဘူးလို့ဘဲပြောတယ်။" လို့ ရှေ့နေကြီးဦးဉာဏ်ဝင်းကပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်ဖောက်ဖျက်မှုဖြင့် မေလ ၁၈ ရက်တွင် အမှုဖွင့်တရားစွဲဆိုခဲ့ပြီးနောက် တရားလိုဘက်မှ သက်သေ ၁၄ ဦးတင်သွင်းခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဘက်မှ သက်သေ ၄ ဦးတင်သွင်းခဲ့သော်လည်း ၁ ဦးသာ သက်သေထွက်ဆိုခွင့်ရသဖြင့် ရန်ကုန်တိုင်းတရားရုံးသို့ ပြင်ဆင်ခွင့်လျှောက်ထားခဲ့ရာ ယနေ့ရန်ကုန်တိုင်းတရားရုံးက နောက်ထပ် သက်သေ ၁ ဦး ထွက်ဆိုခွင့်ပြုခဲ့ခြင်း ဖြစ်ပါတယ်။

အဲန်အဲယ်လ်ဒီပါတီပြောခွင့်ရ ရှေ့နေကြီးဦးဉာဏ်ဝင်းက "အခုလို ဦးဝင်းတင်တို့ကို ပယ်ချလိုက်တဲ့အတွက် ကျနော်တို့ထပ်မံအယူခံတင်သွင်းသွားမှာပါ။ ဒေါ်အောင်ဆန်းစုကြည်အတွက် ဥပဒေရေးရာအရ လုပ်သင့်လုပ်ထိုက်တာတွေလုပ်ဘို့ ခွင့်ပြုချက်ရထားပြီးသားပါ။" လို့ပြောပါတယ်။ အဲန်အဲယ်လ်ဒီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်ဦးဝင်းတင်က ၎င်းအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်အမှုတွင် သက်သေလိုက်ခွင့်မရသည့်အကြောင်းမှာ လုံခြုံရေးအကြောင်းပြချက်များနှင့် ပြင်ပတွင်လှုပ်ရှားနေသည့် လှုပ်ရှားမှုများအရဖြစ်နိုင်ကြောင်း ပြောပါတယ်။

"ကျနော်ကျတော့ အဲန်အဲယ်လ်ဒီမှာ အကြောင်းအခြေအနေအရ တတ်နိုင်သလောက် ပြောဆိုနေရတာရှိတယ်။ ကျနော်လှုပ်ရှားနေတယ်။ လူတွေကြားထဲမှာထွက်နေတယ်ဆိုတော့ လွန်ခဲ့တဲ့နှစ် ၂၀ ကျော်က ရှိခဲ့တဲ့အာဏာဖီဆန်ရေးဆိုတဲ့ လိုင်းတွေအတိုင်းဘဲ ကျနော်က အဲဒါတွေရဲ့ ပုံတင်သံလိုဖြစ်နေတယ်လို့ သူတို့ကစွပ်စွဲတယ်ပေ့ါဗျာ။ ဦးဝင်းတင်ဟာ အာဏာဖီဆန်ရေးလိုင်းတို့ မတရားတဲ့အမိန့်အာဏာဟူသမျှ ဖီဆန်ကြလိုင်းတို့၊ နောက်တခါ ရှစ်လေးလုံးကာလတုန်းက ဆန္ဒတွေထုတ်ဖော်ကြဆိုတဲ့ ဆန္ဒဖော်သံဆိုတဲ့စာစောင် ကျနော်ကထုတ်ဘူးတာကိုး။ ဆိုတော့ ဒီအသံတွေအတိုင်း ဒီနေ့ပြောနေတဲ့စကားဟာ ဆန္ဒပြတာမဟုတ်ဘူး။ ဆန္ဒဖော်ထုတ်တယ်ဆိုတဲ့ဟာတွေ ကျနော်သုံးတယ် ဘာညာဆိုပြီးတော့ ဖြစ်နေတဲ့အခါကျ ကျနော်ကအဲလိုငြိနေတယ်။" လို့ ဦးဝင်းတင်ကပြောပါတယ်။

အဲန်အဲယ်လ်ဒီ ဒုဥက္ကဋ္ဌဦးတင်ဦးမှာလည်း ထိန်းသိမ်းခံနေရတဲ့အတွက် လုံခြုံရေးအကြောင်းပြချက်ဖြင့် ပယ်ခြင်းဖြစ်နိုင်တယ်လို့ ဦးဝင်းတင်ကပြောပါတယ်။ "သူတို့ရဲ့အကြောင်းပြချက်က ဖမ်းဆီးထားတဲ့ပုဂ္ဂိုလ်တွေကို အစိုးရက လုံခြုံရေးအကြောင်းပြချက်နဲ့ပယ်တယ်ပေ့ါဗျာ။ တရားဥပဒေအရတော့ တရားခံပြသက်သေကို ဘယ်သူ့ဖြစ်ဖြစ် ခေါ်ပေးရမယ့်ဝတ္တရားရှိတယ်။ အခုကျတော့ တရားမျှတစွာစီရင်ရေးကို ပျက်ပြားစေနိုင်တယ်ဆိုပြီးတော့ တရားမျှတမှုကို ပျက်ပြားစေနိုင်တယ်ဆိုတဲ့ အကြောင်းပြချက်ကို တင်နေတယ် ကျနော်ထင်တယ်ဗျ။" လို့ပြောပါတယ်။

"အဲန်အဲယ်လ်ဒီကိစ္စတွေနဲ့ပတ်သက်ပြီးတော့ ဒေါ်စုနဲ့ကျနော်တို့ ချိတ်မိမှာစိုးတယ်ပေ့ါဗျာ။ ဆိုတဲ့အသံတွေထွက်နေတာဟာ အစိုးရအသံမဟုတ်တောင် အစိုးရတပိုင်းအသံတွေ ထွက်နေတဲ့အခါကျတော့ ဒါလည်း ဂယက်ရိုက်မှုဖြစ်လာလိမ့်မယ်ထင်ပါတယ်။" လို့ ဦးဝင်းတင်ကရှင်းပြပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်ကို အပုပ်ချရန်ကြံစည်မှုကို ပြည်သူများ စက်ဆုတ်ရွံရှာ

**DVB၊ ဂျွန် ၉။** ။ အင်းစိန်ထောင်မှာ ချုပ်နှောင်ခံနေရတဲ့ ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည် သိက္ခာကျစေတဲ့ပုံတွေကို လူထုအကြား ဖြန့်ဝေနေတဲ့လုပ်ရပ်အပေါ် ဒေါ်အောင်ဆန်းစုကြည်ကို ကြည်ညိုလေးစားသူတွေက ပြင်းပြင်းထန်ထန် ပြစ်တင်ဝေဖန်ပါတယ်။

အာဏာပိုင်တွေရဲ့ ဖမ်းဆီးထားရာကနေ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက်ရည်စူးပြီး ပြည်နယ်နဲ့တိုင်းတွေမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဓာတ်ပုံ အမျိုးအစား ၈ မျိုးကို ဝေငှနေစဉ်မှာ အခုလို သိက္ခာချတဲ့လုပ်ရပ်တွေ ဖြစ်ပေါ်လာတာပါ။ အဲဒီလို သိက္ခာကျစေတဲ့ပုံတွေမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ အမေရိကန်နိုင်ငံသား ဂျွန်ယက်တောတို့ ပုံကို ကွန်ပျူတာပညာနဲ့ လုပ်ကြံဆက်စပ်ဖန်တီးထားတာလို့တွေ့ရှိသူတွေက ပြောပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေအိမ်ရှေ့မှာ လူမသိသူမသိလိုက်ချတဲ့ပုံတွေထဲမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ သူ့ခင်ပွန်း မိုက်ကယ်အဲရစ်သာမက မစ္စတာယက်တောတို့ပုံတွေကိုလည်း ဆက်စပ်ဖန်တီးထားတာတွေလည်း တွေ့တယ်လို့ အဖွဲ့ချုပ် မန္တလေးတိုင်းဘဏ္ဍာရေးမှူး ဦးကိုကြီးက ပြောပါတယ်။

"မဖွယ်မရာဓာတ်ပုံတွေပေါ့ဗျာ။ အဲဒီဓာတ်ပုံတွေကိုတော့ ကျနော်တို့အဖွဲ့ဝင်တွေအိမ်ရှေ့တွေမှာလာပြီးတော့ကြဲဖြန့်ဖြန့်ထားတာ၊ သုံးလေးဦးလောက်ရှိပြီဗျ။ ကျနော်တို့ဆီမှာတွေ့ရတာကတော့ ကျနော်တို့ လူသူသိတဲ့အချိန်မှာတော့ ကြဲတာဖြန့်တာဝေတာတို့ဘာမှမရှိပါဘူးဗျ။ စက်ဆုတ်ကြတာပေါ့ဗျာ ဒါမျိုးတွေကတော့ မဖြစ်သင့်မဖြစ်ကောင်းတဲ့အလုပ်လို့ ပြောကြတာပေါ့။ ရွံရှာစရာတခုတော့ဖြစ်နေတာပေါ့။" အဲဒီမဖွယ်မရာပုံတွေကို မိတ္ထီလာ၊ မြင်းခြံ၊ တောင်သာ၊ ကျောက်ပန်းတောင်း၊ မန္တလေး၊ ညောင်ဦး စတဲ့ ၆ မြို့မှာ ဖြန့်ကြဲတယ်လို့သိရကြောင်း အဖွဲ့ချုပ် မြင်းခြံမြို့နယ်စည်းရုံးရေးအဖွဲ့ဝင် ဦးမျိုးဟန်က ပြောပါတယ်။

"အဲဒီလို ညပိုင်း ကြဲသွားတာဖြစ်တယ်။ ပေါ်ပေါ်တင်တင် ဝေမယ်ဆိုရင်တော့ ကျနော်သိရသလောက်ကတော့ အကြမ်းဖက်မှုတွေထိ ဖြစ်လာနိုင်တယ်ဗျ။ လူတွေ ကတော်တော်လေး ဒေါသထွက်နေကြတယ်။"

အဖွဲ့ချုပ် ဝမ်းတွင်းမြို့နယ် အတွင်းရေးမှူး ဦးထွန်းထွန်းက ဒီလုပ်ရပ်ကို "အင်မတန်မှအောက်တန်းကျတဲ့အဆင့်ကြီး ပြောနေရမှာဆိုတော့ ကျနော်တို့ ရှက်လည်းရှက်တယ်" လို့ ပြစ်တင်ဝေဖန်ပါတယ်။

"ဒီအချိန်ဒီအခါ အခြေအနေမှာ တကယ်ပြည်သူလူထုရဲ့ အကျိုးကို မျှော်လင့်တယ်ဆိုရင် တွေ့ဆုံဆွေး နွေးရေး စကားဝိုင်းကလွဲပြီး တခြား မြန်မာနိုင်ငံအတွက် သွားရမယ့်လမ်းကြောင်း မရှိတော့တဲ့အနေအထားဖြစ်နေပြီ။"

လက်သည်မပေါ်တဲ့ ဒီလုပ်ရပ်တွေကြောင့်နဲ့တော့ သူတို့လှုပ်ရှားဆောင်ရွက်နေတဲ့ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး ရည်စူးတောင်းဆိုနေတဲ့ ဓာတ်ပုံကမ်ပိန်းကို ထိခိုက်ဖွယ်မရှိဘူးလို့အဖွဲ့ချုပ် မိတ္ထီလာမြို့နယ် အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးက ပြောပါတယ်။

"ကျမတို့ကမ်ပိန်း အောင်မြင်လာတဲ့အပေါ်မှာ သူတို့ဘက်က တုန့်ပြန်တာပေါ့လေ။ ဒါပေမယ့် သူတို့တန်ပြန်တာ တုန့်ပြန်တာ မထိရောက်တဲ့အပြင် ပိုတောင်မှ သူတို့ဘက်က အရှက်ရစေတယ်လို့ ကျမပြောလိုပါတယ်။ သူတို့ ကွန်ပြူတာပညာနဲ့လုပ်ထားတယ်ဆိုတဲ့ပုံကို ကြည့်ပြီးတော့ ဒီနေ့ဆို လူတယောက်ကတောင်မှ ပြောသွားတယ် – ဒါမျိုးဆို ကလေးတောင်မှသိတယ် ခွေးတောင်သိ နိုင်တယ်တဲ့။ အနေအထားရှင်းရှင်းလင်းလင်းကြီးပါ။"

ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး ရည်စူးတောင်းဆိုတဲ့ လှုပ်ရှားမှုကလည်း အောင်မြင်နေတယ်လို့လည်း ဒေါ်မြင့်မြင့်အေးက ပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်ပေါ်မှာ လူထုတွေမေတ္တာထားတာ ပေါ်လွင်ထင်ရှားတယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုကြည်ညိုတဲ့ ပြည်သူတွေအကြား ပြောဆိုနေကြတာကတော့ "ဒေါ်အောင်ဆန်းစုကြည်ကို အခုလိုအပုပ်ချပြီးတော့ သူတို့အနေနဲ့ လုပ်တဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ ကျမ မိန်းမချင်းစာနာမိပါတယ်။ သူတို့ တိုက်ခိုက်ပုံကြီးက တော်တော်ကြီးကို အောက်တန်းကျပါတယ်ရှင့်။"

"နိုင်ငံခေါင်းဆောင် တကယ့် ကမ္ဘာ့နိုဘယ်ဆုရှင်ကြီးကို၊ ကျမတို့အမျိုးသားခေါင်းဆောင်၊ ကျမတို့အားထားနေရတဲ့ ခေါင်းဆောင်တယောက်ကို ဒီလိုအောက်တန်းကျတဲ့လုပ်ရပ်တွေနဲ့ လုပ်တယ်ဆိုတာကို သူတို့ကိုယ်တိုင် ကိုကအောက်တန်းကျတဲ့လူတွေလို့ပဲ ကျမတို့ယူဆပါတယ်။ သူတို့အဲလိုလုပ်လေ ကျမတို့ခေါင်းဆောင်မှာ ပိုပြီးတော့နာမည်က တက်လေပါပဲရှင့်။"

"ဒေါ်အောင်ဆန်းစုကြည်ကိုလည်း မတရားဖမ်းဆီးပြီးတော့ အကျဉ်းချထားတယ်၊...နောက်တခါ မိတ္ထီလာ ဒေါ်မြင့်မြင့်အေးတို့ကလည်း ဖိုတိုကမ်ပိန်းလုပ်တယ်၊...ဒီဥစ္စာပေါ်မှာ အာဏာပိုင်တွေအနေနဲ့ပတ်သက်တဲ့ အဖွဲ့အစည်းတခုကနေပြီးတော့ မလိုလားအပ်တဲ့ တိုက်ခိုက်တဲ့နည်းနဲ့ တိုက်ခိုက်တယ်လို့ ကျနော်တို့ယူဆပါတယ်။ တကယ်တန်းသာ မှန်မှန်ကန်ကန်နဲ့ တိုက်ခိုက်မယ်ဆိုလို့ရှိရင် သက်ဆိုင်ရာသူတို့ဘက်က နိုင်ငံတော်အကြီးအကဲတွေပုံပဲဖြစ်ဖြစ်၊ နိုင်ငံရေးပါတီတခုခုခေါင်းဆောင်ပုံပဲဖြစ်ဖြစ် ပေါ်ပေါ်တင်တင်ဖြန့်ဝေပါ၊ ဒီလို နိုင်ငံတကာကနေ အသိအမှတ်ပြုတဲ့ နိုဘယ်ငြိမ်းချမ်းရေးဆုရှင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ပြည်သူလူထုရဲ့ခေါင်းဆောင်ကို မမှန်မကန်နည်းနဲ့ တိုက်ခိုက်တဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျနော်တို့ ပြည်သူလူထုအနေနဲ့တော့ များစွာရှုတ်ချပါတယ်။"

---

## ဒေါ်စုလွတ်ရေး အိန္ဒိယဝန်ကြီးချုပ်ကိုတိုက်တွန်းစာပို့

**DVB၊ ဂျွန် ၁၀။** ။ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် သံတမန်ရေးအရ ဆောင်ရွက်ပေးဖို့ တိုက်တွန်းထားတဲ့စာကို အိန္ဒိယဝန်ကြီးချုပ် မာန်မိုဟန်ဆင်းထံ IPFDB (ခေါ်) မြန်မာအရေးဆောင်ရွက်မယ့် အိန္ဒိယပါလီမန်အမတ်များအဖွဲ့က ပေးပို့လိုက်တဲ့အကြောင်း ဒီနေ့ သတင်းစာ ရှင်းလင်းပွဲပြုလုပ်ပါတယ်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ အမျိုးသမီးသတင်းထောက်အသင်းမှာပြုလုပ်တဲ့ အဲဒီ သတင်းစာရှင်းလင်းပွဲကို IPFDB ရဲ့ ပူးတွဲညှိနှိုင်းဆောင်ရွက်ရေးတာဝန်ခံ အိန္ဒိယအထက်လွှတ်တော် အမတ် ရှရပ်ဂျိုရှိက ဦးဆောင်ရှင်းလင်းတာဖြစ်ပါတယ်။ အဲဒီ ရှင်းလင်းချက်ထဲမှာ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် အိန္ဒိယအစိုးရက သံတမန်ရေးနည်းလမ်းနဲ့ ဆောင်ရွက်ဖို့ ပါတီပေါင်းစုံက အထက်နဲ့အောက်လွှတ်တော်အမတ် ၁၁၄ ဦး လက်မှတ်ထိုးထားတဲ့စာကိုလည်း ပူးတွဲပေးအပ်လိုက်ကြောင်း ရှင်းပြထားပါတယ်။ အထက်လွှတ်တော်အမတ် ရှရပ်ဂျိုရှိက အိန္ဒိယအစိုးရအနေနဲ့ မဟာတ္တမဂန္ဒီနည်းလမ်းနဲ့ တိုက်ပွဲဝင်နေတဲ့ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ မြန်မာဒီမိုကရေစီအရေးကိုလည်း အားပေးဖို့ လိုအပ်ကြောင်းပြောပါတယ်။

"အိန္ဒိယအစိုးရအနေနဲ့ နအဖစစ်အစိုးရကို သံတမန်ရေးအရတောင်းဆိုဖို့လိုအပ်ပါတယ်။ အိန္ဒိယလွတ်လပ်ရေးရတာ မဟာတ္တမဂန္ဒီ နည်းလမ်းတွေကြောင့်ပဲ။ ဒေါ်အောင်ဆန်းစုကြည်ဟာ မဟာတ္တမဂန္ဒီနည်းလမ်းနဲ့ တိုက်ပွဲဝင်နေတယ်လို့ ကျနော် အသေအချာပြောနိုင်တယ်။ ဒါ့ကြောင့် မြန်မာပြည်အတွက် လွတ်လပ်ရေး၊ ဒီမိုကရေစီ စတာတွေ လာကို လာမှာပါ။"

သတင်းစာရှင်းလင်းပွဲမှာ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီး ဒေါက်တာတင့်ဆွေလည်း တက်ရောက်ပြီး ရှင်းလင်းပါတယ်။

"မြန်မာပြည်မှာ ဒီမိုကရေစီရရှိမှ အိန္ဒိယနိုင်ငံလည်း အကျိုးရှိမှာပါ။ ဒေါ်အောင်ဆန်းစုကြည်ဟာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထက် အရေးကြီးပါတယ်။ အိန္ဒိယအစိုးရအနေနဲ့ မြန်မာဒီမိုကရေစီအရေး ဆောင်ရွက်နေတဲ့သူတွေနဲ့ဆက်ဆံတာဟာ မြန်မာစစ်ဗိုလ်တွေထက် ပိုပြီး အကျိုးရှိစေပါတယ်။ ဒါ့ကြောင့် အခုလို အိန္ဒိယအထက်အောက်လွှတ်တော်အမတ်တွေ လက်မှတ်ထိုးပြီး ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးတောင်းဆိုတဲ့စာကို အိန္ဒိယအစိုးရက မှားယွင်းနေတဲ့ မြန်မာပြည်ဆိုင်ရာ မူဝါဒတွေ ပြန်စဉ်းစားနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်၊"

သတင်းစာရှင်းလင်းပွဲမှာ အိန္ဒိယလွှတ်တော် အမတ် ၂ ဦး အပါအဝင် မြန်မာကိစ္စစိတ်ဝင်စားသူအနည်းငယ်နဲ့ သတင်းသမားတချို့ကို တွေ့ရပါတယ်။

# တရုတ်–မြန်မာမူးယစ်ဆေးမှောင်ခိုလုပ်ငန်း(၄)

ဦးအောင်ခင်
မျက်မှောက်ရေးရာသုံးသပ်ချက်

မြန်မာပြည်မှာဘိန်းဖြူဝယ်ယူပြီး တရုတ်ပြည်တောင်ပိုင်း ဂွမ်ဒုံနယ်မှာဖြန့်ဝေကြပုံကို ဒီအပတ်တင်ပြပါမယ်။ ဂွမ်ဒုံနယ်မှာ မူးယစ်ဆေးမှောင်ခို လုပ်သူသုံးမျိုးရှိပါတယ်။ ထောင်ထွက် စီးပွားပျက်နဲ့ နိုင်ငံခြားသားဖြစ်ပါတယ်။ အမှုအမျိုးမျိုးနဲ့ နှစ်ရှည်လများ ထောင်ဒဏ်ကျခံခဲ့ရသူတွေ ထောင်ကထွက်လာတဲ့အခါမှာ လွယ်လွယ်နဲ့ ငွေများများရမယ့် မူးယစ်ဆေးသယ်ဆောင်တဲ့ အလုပ်ကိုလုပ်လေ့ရှိပါတယ်။ ထောင်ထဲမှာ ရာဇဝတ်သားမျိုးစုံနဲ့ တွေ့ခဲ့ရလို့ ထောင်ထွက်ဟာအရင်ကထက် လုပ်ရဲကိုင်ရဲဖြစ်လာတယ်။

စီးပွားပျက်တဲ့လုပ်ငန်းရှင်တွေထဲမှာ မိမိခံစားရတဲ့စည်းစိမ်ကို မစွန့်လွှတ်နိုင်လို့ မူးယစ်ဆေးမှောင်ခိုလုပ်တဲ့လူတွေရှိပါတယ်။ ဘိန်းမှောင်ခိုမှုနဲ့ ထောင်ကျနေတဲ့စီးပွားပျက်တဦးကို မေးကြည့်တဲ့အခါမှာ အချိန်တိုအတွင်းမှာ အမြတ်အစွန်းအများဆုံးရနိုင်တာမို့ စွန့်စားပြီးလုပ်ရတာလို့ ဖြေပါတယ်။ ဂွမ်ဒုံက မြန်မာနယ်စပ်ကို ဘိန်းဖြူအနည်းငယ်သွားဝယ်တာ ခရီးစရိတ်အပါအဝင် ယွမ်ငွေ ၆ ထောင်ဘဲကုန်ကျပါတယ်တဲ့။ ဒီဘိန်းဖြူကို ဟောင်ကောင်မှာသွားပြတော့ ယွမ် ၇ သောင်းရတာမို့ တရာရင်းရင် တထောင်မြတ်တဲ့အလုပ်ဖြစ်နေလို့ လုပ်မိတာပါလို့ အဲဒီစီးပွားပျက်ကပြောပြပါတယ်။

ဂွမ်ဒုံ မူးယစ်ဆေးမှောင်ခိုလောကမှာ ပါဝင်လာတဲ့နိုင်ငံခြားဟာ အာဖရိကတိုက်သားတွေဖြစ်ပါတယ်။ နိုင်ဂျီးရီးယား၊ ကင်းယား၊ ကွန်ဂိုနဲ့ တောင်အာဖရိကနိုင်ငံတွေက လာကြတာများပါတယ်။ မူးယစ်ဆေးခိုးသွင်းလို့ရတဲ့ငွေနဲ့ ကုန်ပစ္စည်းဝယ်ပြီး အာဖရိကကိုပစ္စည်းတင်ပို့ကြပါတယ်။ သူတို့အထဲမှာလည်း အဖမ်းခံရသူအနည်းငယ်ရှိပါတယ်။ နိုင်ငံခြားသားနဲ့ဆက်ဆံရာမှာ ဘာသာစကားအခက်အခဲရှိတာကတကြောင်း၊ နိုင်ငံခြားမှာဟိုးလေးတကျော် ဖြစ်သွားမှာကတကြောင်းမို့ တရုတ်ရဲဟာ သိပ်သတိထားရပါတယ်။ စာအုပ်ကြီးအတိုင်း အသေးစိတ်လုပ်ရပါတယ်။ နိုင်ငံခြားသားကို သေဒဏ်ပေးတာဟာ တရုတ်ကိုသေဒဏ်ပေးတာထက်ပိုခက်ပါတယ်။ နိုင်ငံခြားသားကိုသေဒဏ်ပေးရင် တရားရုံးချုပ်ကတခါထပ်ပြီး ပြန်လည်သုံးသပ်တာမျိုးရှိပါတယ်။

ဘိန်းဖြူထုတ်လုပ်တဲ့နေရာက လမ်းပေါ်ကစားသုံးသူလက်ထဲအထိရောက်သွားအောင် သယ်ယူပို့ဆောင်ရာမှာ အဆင့် ၄ ဆင့်ကိုဖြတ်ကျော်ရပါတယ်။ ဒီအဆင့်တွေဟာ တခုနဲ့တခုသီးခြားလွတ်လပ်စွာ တည်ရှိနေပါတယ်။ ပထမအဆင့်က မြန်မာပြည်ကမူးယစ်ဆေးကို နယ်စပ်ဖြတ်ကျော်ပြီး ယူနန်ကိုပို့ပေးတာဘဲဖြစ်ပါတယ်။ ဒုတိယအဆင့်က ယူနန်နယ်စပ်ရောက်လာတဲ့ဘိန်းဖြူကို ခွန့်မင် သို့မဟုတ် အခြားမြို့လေးတွေကို ပို့ပေးရတာဖြစ်ပါတယ်။ အဲဒီမြို့တွေကတဆင့် တရုတ်ပြည်နေရာအနှံ့အပြားက လက်ကားမှောင်ခိုဆီ ပို့ပြီးဖြန့်ဝေတာက တတိယအဆင့်ဖြစ်ပါတယ်။ လက်ကားမှောင်ခိုဆီကဘိန်းဖြူကို လက်လီအရောင်းသမားလက်ထဲရောက်သွားအောင်လုပ်တာဟာ စတုတ္ထအဆင့်ပါ။

ဒီအဆင့် ၄ ဆင့်ဟာ လမ်းကြောင်း ၄ ခုအနေနဲ့ တသီးတခြားဆီဖြစ်ပါတယ်။ သယ်ဆောင်သူဟာ ကိုယ်ပါဝင်တဲ့အပိုင်းကိုသာသိပြီး တခြားဘာမှမသိပါဘူး။ ခွန့်မင်အခြေစိုက် အမျိုးသမီးကယ်ရီတဦးဟာ တလကိုတခါ သို့မဟုတ် နှစ်ခါဘိန်းဖြူသွားယူရပါတယ်။ ညွှန်ကြားတဲ့အတိုင်းသွားယူလိုက်ရုံမို့ အလွန်လွယ်ကူပါတယ်။ အဖမ်းခံရလည်းသူတယောက်တည်းပါဘဲ။ မြန်မာနယ်စပ်ကဘိန်းဖြူကို လက်လီရောင်းသူတွေလက်ထဲရောက်အောင် တောက်လျှောက်လုပ်တဲ့ မှောင်ခိုလုပ်ငန်း မတွေ့သေးဘူးလို့ဆိုပါတယ်။ ဘိန်းဖြူသယ်ယူတဲ့အဆင့်တဆင့်မှာ အစမှာတာဝန်ယူသူတဦး အဆုံးမှာတဦး နှစ်ဦးလောက်ဘဲရှိတတ်ပါတယ်တဲ့။ ဒီနှစ်ဦးကလည်း သူတို့တာဝန်ယူတဲ့အပိုင်းထက် ပိုမသိကြပါဘူး။

မူးယစ်ဆေးသယ်ဆောင်မှုနဲ့ ထောင်ကျနေသူတွေကိုမေးမြန်းတဲ့အခါမှာ မြန်မာပြည်ကဘိန်းဖြူသယ်ယူမှုနဲ့ အဖမ်းခံရသူက ၃၀ %သာရှိပြီး ၇၀%ဟာ တရုတ်ပြည်ထဲရောက်လာတဲ့ဘိန်းဖြူကို သယ်ယူပို့ဆောင်ရင်း အဖမ်းခံရတာလို့သိရပါတယ်။ စာရေးသူတွေမေးမြန်းစစ်ဆေးတဲ့ ထောင်ကျ ၆၀၀ ထဲမှာ မူးယစ်ဆေးမှောင်ခိုလုပ်ငန်းကို အချိန်ပြည့်လုပ်သူက ၂ %ဘဲရှိပါတယ်။ အများစုဟာ ခဏဝင်လုပ်ရင်း အဖမ်းခံကြရတာပါဘဲ။ ဒီလုပ်ငန်းဟာ ရေရှည်လုပ်လို့မကောင်းမှန်းသိကြပါတယ်။ ဒီအလုပ်မျိုးလုပ်သူဟာ လျှင်မြန်ဖြတ်လပ်ပြီး အကင်းပါးကြပေမယ့် ဘိန်းမှောင်ခိုလုပ်သက် ၅ နှစ်မပြည့်ခင် အဖမ်းခံကြရတာများပါတယ်။

ဘိန်းဖြူကိုနည်းမျိုးစုံနဲ့သယ်ယူပို့ဆောင်ကြပါတယ်။ ဘိန်းဖြူကို condom ရာဘာအစွတ်နဲ့ အထုပ်ကလေးတွေထုပ်ပြီး မျိုချတဲ့နည်းကိုသုံးတာများပါတယ်။ တခေါက်ကို ဂရမ် တရာ နှစ်ရာလောက်မျိုချပြီး သယ်ဆောင်တာဖြစ်ပါတယ်။ သူတို့ဆီမှာ တယ်လီဖုန်းနံပါတ် သို့မဟုတ် လမ်းဘေးတယ်လီဖုန်းကိုညွှန်ပြထားတဲ့ စာရွက်လောက်ဘဲရှိပါတယ်။ တယ်လီဖုန်းကညွှန်ကြားတဲ့အတိုင်း လိုက်လုပ်ကြပါတယ်။ ဘိန်းဖြူထုပ်ကလေးတွေ အစာအိမ်ထဲမှာပေါက်ကွဲလို့ သေကြသူတွေအများကြီးရှိပါတယ်။

ရှင်းဂျန်ပြည်နယ်မှာ တိုင်းရင်းသားအမျိုးသမီးကိုယ်ဝန်ဆောင်တွေကို ဘိန်းဖြူသယ်ယူရာမှာသုံးတာမျိုးရှိပါတယ်။ ကိုယ်ဝန်အောက်ပိုင်းမှာ ဘိန်းဖြူကို အပြားလိုက်ကပ်ပြီး သယ်ဆောင်တာပါဘဲ။ သူတို့ကို အမျိုးသားက ကိုယ်ထိလက်ရောက်ရှာဖွေပိုင်ခွင့်မရှိပါဘူး။ အမျိုးသမီးအချင်းချင်းစစ်ဆေးကြည့်လို့ ဘိန်းဖြူတွေ့သွားရင်လည်း ကိုယ်ဝန်ဆောင်ကို ထောင်မချရဘူးဆိုတဲ့ဥပဒေရှိတာကြောင့် ဘိန်းဖြူကိုသိမ်းယူပြီး သယ်ဆောင်သူကိုတော့ လွှတ်ပေးလိုက်ရပါတယ်။

ဘိန်းဆီကိုသယ်ယူပို့ဆောင်ရာမှာတော့ ကိုကာကိုလာပုလင်းကိုသုံးပါတယ်။ ကိုကာကိုလာအချိုရည်အရောင်ဟာ ဘိန်းဆီရောင်ဖြစ်တဲ့အတွက် ဘိန်းဆီပါတဲ့ပုလင်းကို ကိုကာကိုလာပုလင်းအစစ်တွေနဲ့ ရောထားရင် ရှာဖွေလို့မလွယ်တော့ပါဘူး။ ဘိန်းဖြူကိုအရည်ဖျော်ပြီး အဝတ်မှာဆွတ်ဖြန်းသယ်ယူတာမျိုးလည်းရှိပါတယ်။ သွားချင်တဲ့နေရာကိုရောက်တော့မှ အဝတ်မှာဆွတ်ထားတဲ့ ဘိန်းဖြူအရည်ကို အမှုန့်ဖြစ်အောင်ပြန်လုပ်ပါတယ်။ ဘိန်းဖြူကို အခြားစားသုံးကုန်တွေနဲ့ရောစပ်ထားပြီး လိုချင်တဲ့အခါ ဓာတုဗေဒနည်းနဲ့ ပြန်ထုတ်ယူတာမျိုးလည်းရှိပါတယ်။ မော်တော်ကားကိုယ်ထည်ကိုခွာပြီး ဘိန်းဖြူကီလို ၅၀ လောက်ထည့်ပြီးတော့မှ ဂဟေဆော်ပြန်ပိတ် ဆေးပြန်သုတ်ထားတာလည်း ရှိပါတယ်။

ဟောင်ကောင်၊ ထိုင်ဝမ်နဲ့ အမေရိကန်က တရုတ်လူဆိုးဂိုဏ်းတွေနဲ့ တရုတ်ပြည်တွင်းက ဘိန်းဖြူမှောင်ခိုလုပ်ငန်းဟာ အဆက်အသွယ်မရှိဘူးလို့ စာရေးသူတွေကယုံကြည်ပါတယ်။ ဒီလိုလူဆိုးဂိုဏ်းကပုဂ္ဂိုလ်တွေ တဦးချင်းအနေနဲ့ ဘိန်းဖြူမှောင်ခိုလုပ်ငန်းမှာ ပါဝင်လာနိုင်ပေမယ့် ဂိုဏ်းအနေနဲ့ပါဝင်တာမဟုတ်ဘူးလို့ ဆိုပါတယ်။ ဒါပေမယ့် ရွှေတြိဂံနယ်မြေနဲ့ အရှေ့တောင်အာရှမှာတော့ တရုတ်နဲ့တရုတ်အနွယ်ဝင် ဘိန်းမှောင်ခိုတွေကြီးစိုးပါတယ်။ မူးယစ်ဆေးဖမ်းဆီးရမိတဲ့နေရာတိုင်းမှာ တရုတ်ကိုတွေ့နိုင်ပါတယ်တဲ့။ မြန်မာပြည်ကဘိန်းဖြူမှောင်ခိုအားလုံးဟာ တရုတ်တွေပါဘဲ။

ဘိန်းမှောင်ခိုတရုတ်တွေဟာ ငွေရှင်ကြေးရှင်တွေဖြစ်လို့ သက်ဆိုင်ရာအာဏာပိုင်ကို ငွေနဲ့ပေါက်ဘို့သာစိတ်ကူးကြသူတွေဖြစ်ပါတယ်တဲ့။ ဒါကြောင့် တရုတ်မူးယစ်ဆေးမှောင်ခိုလောကမှာ ငွေပေးပြီးသတ်ခိုင်းတာမျိုး မရှိပါဘူး။ အကြမ်းဖက်မှုကင်းရှင်းနေတဲ့ အဓိကအကြောင်းရင်းဟာ တရုတ်ပြည်မှာသေနတ်ရဘို့ အခက်အခဲရှိနေလို့ပါဘဲတဲ့။ ဒါပေမယ့် တရုတ်–မြန်မာနယ်စပ်ဒေသမှာတော့ ဘိန်းမှောင်ခိုဟာ လက်နက်ကိုင်ဆောင်ပြီး အကျပ်အတည်းဖြစ်လာရင် အသုံးပြုတတ်ကြောင်း သိရပါတယ်။

ရှေ့အပတ်မှာ မူးယစ်ဆေးတိုက်ဖျက်ရေးအကြောင်း တင်ပြပါမယ်။

# ဒေါ်အောင်ဆန်းစုကြည်ကို တရားစွဲမှုနှင့်ပတ်သက်၍ ဝေဖန်သုံးသပ်ချက်များ

**DVB၊ ဂျွန် ၈။** ။ စစ်အုပ်စုက ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်ဖောက်ဖျက်မှုနဲ့ တရားစွဲထားတဲ့အမှု အချိန်ရှည်ကြာလာတာဟာ နိုင်ငံတကာဖိအားတွေကြောင့်ဖြစ်နိုင်တယ်၊ အားလုံးရဲ့အာရုံစိုက်မှုလျော့သွားအောင်လုပ်နေတာ စတဲ့ ဝေဖန်သုံးသပ်ချက်တွေ ထွက်ပေါ်လာနေပါတယ်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အရင်လ ၁၄ ရက်မှာ စတင်ပြီးတရားစွဲတဲ့ ဒီအမှုကို စစ်အုပ်စုက မြန်မြန်ဆန်ဆန်ဆုံးဖြတ်ပြီး ဒေါ်အောင်ဆန်းစုကြည်ကို ထောင်ဒဏ်ချမှတ်လိမ့်မယ်လို့ သူမရဲ့ရှေ့နေတွေအပါအဝင် အများစုက သုံးသပ်ခဲ့တာတွေ့ရပါတယ်။ အပြီးသတ်လျှောက်လဲရမယ့်ရက်ကို လာမယ့်သောကြာနေ့ထိ ရွှေ့ထားပြီး ဒေါ်အောင်ဆန်းစုကြည်ဘက်က သက်သေထွက်ဖို့ တင်ပြထားတဲ့ သက်သေ ၃ ဦးကိစ္စကိုလည်း တိုင်းတရားရုံးကလက်ခံမခံဆိုတာ မနက်ဖြန်မှ သိရမှာပါ။

“အမှုကို နည်းနည်းဆွဲမယ့်အယူအဆရှိတယ်လို့ အားလုံးကမြင်လာကြပြီလို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ) အတွင်းရေးမှူး ဦးမြင့်စိုးက သုံးသပ်ပါတယ်။

“နိုင်ငံတကာကဖိအားတွေ နအဖထင်ထားတာထက် မြန်လွန်းတယ်၊ ပိုများလွန်းတယ်၊ ဒါကြောင့်မို့လို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့အမှုကို အချိန်ဆွဲလိုက်ခြင်းအားဖြင့် ဒီဖိအားတွေ လျော့သွား နိုင်တယ်၊ အာရုံစိုက်မှုတွေ လျော့သွားနိုင်တယ်လို့ ယူဆကြတာပဲခင်ဗျ။”

စစ်အုပ်စုက ဒေါ်အောင်ဆန်းစုကြည်ကို ခုလို တရားစွဲတာဟာ တဘက်သတ်လုပ်ကြံမှုဖြစ်တဲ့အပြင် နေအိမ်အကျယ်ချုပ်သက်တမ်း ပြည့်ချိန်မှာ ပြန်မလွှတ်ချင်တာကြောင့်ပဲလို့ အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ) WLB က ယူဆပါတယ်။ “နအဖစစ်အုပ်စုအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို မတရားစွပ်စွဲပြီးတော့ အင်းစိန်ထောင်မှာပဲ အထူးစစ်ဆေးနေတဲ့အပေါ်မှာ နိုင်ငံတကာအပါအဝင် အာဆီယံရဲ့ဝေဖန်မှုတွေကို ပြင်းပြင်းထန်ထန် ခံလိုက်ရတယ်” လို့ အမျိုးသမီးများအဖွဲ့ချုပ် မြန်မာနိုင်ငံ WLB တွဲဘက်အထွေထွေအ အတွင်းရေးမှူး ၁ ဒေါ်တင်တင်နွယ်က သုံးသပ်ပါတယ်။

“ပြည်တွင်းမှာဆိုလို့ရှိရင်လည်း ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံတဲ့ပြည်သူလူထုတွေက နိုင်ငံရေးနဲ့ပတ်သက်ပြီးတော့ နိုးနိုးကြားကြားတွေပိုဖြစ်လာတယ်၊ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ဖို့အတွက် ကန်ပိန်းတွေ၊ လှုပ်ရှားမှုတွေ တစိုက်မတ်မတ်လုပ်လာတယ်၊ အဲဒီအနေအထားမှာ သူတို့မျှော်မှန်းသလို သူတို့မျှော်လင့်ထားသလို မဟုတ်တဲ့အပေါ်မှာ ဒီအမှုကို ဆက်လက်ကိုင်တွယ်ဖို့အတွက် နအဖက တစုံတရာ ဇဝေဇဝါဖြစ်နေတဲ့ဟာမျိုးတွေရှိနေတယ်လို့ ကျမတို့အနေနဲ့မြင်တယ်။”

ဒေါ်အောင်ဆန်းစုကြည်အမှုမှာ ဥပဒေအကျိုးဆောင်ပေးဖို့ ကြိုးစားရင်း မကြာခင်က လိုင်စင် အသိမ်းခံလိုက်ရတဲ့ ရှေ့နေဦးအောင်သိန်းကတော့ ဒီအမှုနဲ့ပတ်သက်လို့ တရားရုံးက ဆောင်ရွက်နေပုံဟာ ပုံမှန်ပါပဲလို့ ရုံးချိန်းအခြေအနေအပေါ်သုံးသပ်ပါတယ်။

“တရားရုံးက သွားနေတဲ့ပုံစံဟာ အချိန်ဆွဲတယ်လို့ ကျနော်မမြင်ဘူး။ သူသွားနေတဲ့ ပုံသဏ္ဌာန်ဟာ ကျနော်တို့ဖြစ်မှုဆိုရင် တပတ်တပတ်ချိန်းတဲ့ သဘောသွားနေလို့ရှိရင် ဒါ ပုံမှန်သွားနေတယ်လို့ ကျနော်တို့ပြောလို့ရပါတယ်။”

ဒီအမှုနဲ့ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်ကို အရေးယူတာထက် နေအိမ်လုံခြုံရေးကို တာဝန်ယူထားတဲ့ အစိုးရမှာပဲ တာဝန်ရှိတာလို့လည်း ရှေ့နေဦးအောင်သိန်းက ပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ်ကို အမှန်တကယ် လုံခြုံရေးတင်းကျပ်ထားပါတယ်ဆိုရင် ဘယ်သူမှ ဝင်လာနိုင်စရာ အကြောင်းမရှိဘူးလို့လည်း ဆိုပါတယ်။

မနက်ဖြန်မှာ ရန်ကုန်တိုင်းတရားရုံးက ဒေါ်အောင်ဆန်းစုကြည်ရဲ့သက်သေ ၃ ဦးကို လက်ခံမခံဆိုတာ မသိရသေးပေမယ့် တကယ်လို့ လက်ခံမယ်ဆိုရင်လည်း တနေ့တည်းနဲ့ အပြီးစစ်ဆေးနိုင်တဲ့အတွက် ဒီလအတွင်းမှာပဲ အမှုပြီးပြတ်သွားနိုင်တယ်လို့လည်း ဦးအောင်သိန်းက သုံးသပ်ပါတယ်၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်လို့ စစ်အုပ်စုရဲ့ ပြောပုံဆိုပုံအရ အားလုံးမျှော်လင့်ထားတဲ့ အကောင်းဆုံးအဖြေတခုထွက်လာဖို့တော့ ဖြစ်မလာနိုင်ပါဘူးလို့လည်း ရှေ့နေကြီး ဦးအောင်သိန်းက ပြောပါတယ်။

# နအဖစစ်ဗိုလ်ချုပ်တွေကို အရေးယူနိုင်ကြောင်း အိုင်အဲလ်အိုဆုံးဖြတ်ချက်ချ

**RFA၊ ဂျွန် ၆။** ။ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်ညီလာခံက မြန်မာစစ်အစိုးရရဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဘို့ အကြံပြုလိုက်သလို ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားများ ခြွင်းချက်မရှိပြန်လွှတ်ပေးဘို့ ဂျွန်လ ၆ ရက်နေ့ ညနေပိုင်းက ဆုံးဖြတ်လိုက်ပါတယ်။

ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့မှာ ဂျွန်လ ၃ ရက်နေ့ကနေ ၁၉ ရက်နေ့အထိကျင်းပနေတဲ့ ILO ညီလာခံမှာ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ဂျွန်လ ၆ ရက်နေ့က ဆွေးနွေးရာမှာ အလုပ်သမားသမဂ္ဂ ၁၄ ဖွဲ့၊ အလုပ်ရှင်များအဖွဲ့ကိုယ်စားလှယ်နဲ့ အစိုးရကိုယ်စားလှယ်တွေက မြန်မာနိုင်ငံအခြေအနေကို ဆွေးနွေးခဲ့ကြပါတယ်။ မြန်မာစစ်အစိုးရအနေနဲ့ ILO နဲ့ ၂၀၀၀ ခုနှစ်နဲ့ ၂၀၀၆ ခုနှစ်က သဘောတူညီချက်တွေကို အကောင်အထည်မဖော်နိုင်တဲ့အပြင် ချိုးဖောက်ခဲ့တာနဲ့ပတ်သက်ပြီး သမဂ္ဂအဖွဲ့ဝင် သန်း ၃၀ ကျော်ရှိတဲ့ ရုရှားအလုပ်သမားသမဂ္ဂအပါအဝင် တောင်ကိုရီးယား၊ ဘရာဇီးလ် စတဲ့နိုင်ငံတွေက အလုပ်သမားသမဂ္ဂတွေက ထောက်ပြဆွေးနွေးခဲ့သလို အလုပ်ရှင်များရဲ့ကိုယ်စားလှယ်နဲ့ အစိုးရကိုယ်စားလှယ်တွေကလည်း ဒေါ်အောင်ဆန်းစုကြည်ကို ရုံးတင်တရားစွဲဆိုတဲ့ကိစ္စတွေကို ထောက်ပြဝေဖန်ခဲ့ကြပါတယ်။

အလုပ်ရှင်များရဲ့ကိုယ်စားလှယ်က မြန်မာစစ်အစိုးရအပေါ် ပြင်းပြင်းထန်ထန်ဝေဖန်သွားတယ်လို့ဆိုပါတယ်။ အစည်းအဝေးကို တက်ရောက်နေတဲ့ မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် FTUB အတွင်းရေးမှူးဦးမောင်မောင်ကအခုလိုပြောပြပါတယ်။

“အလုပ်ရှင်တွေရဲ့ ကိုယ်စားလှယ်တွေလည်း ပြင်းပြင်းထန်ထန် ပြောသွားတယ်။ တိုးတက်မှုကဖြစ်နေတယ်။ နဝတ ဘယ်လောက်ဘဲပြောင်းလဲ တယ်ပြောပြော အခန်းထဲမှာရှိတဲ့လူတွေအားလုံးက လူတွေကအရူးမဟုတ်ဘူးတဲ့၊ ဒါကိုထပ်ထပ်ပြီး လိမ်လို့မရဘူးတဲ့။ အတော်လေးပြင်းပြင်းထန်ထန်ပြောသွားတယ်။ နောက်ပြီးတော့ ဒေါ်စုအတွက် တရားမျှတတဲ့တရားစီရင်မှုမရှိဘူးလို့ ပြောသွားတယ်။ နောက် မြန်မာနိုင်ငံအခြေအနေကိုပြောရင် ဒေါ်စုကိစ္စကိုလည်း နောက်ခံအနေနဲ့ မပြောလို့မရဘူးဆိုပြီး ပြောသွားပါတယ်။”

ဒီဝေဖန်ချက်တွေနဲ့ပတ်သက်ပြီး မြန်မာစစ်အစိုးရကိုယ်စားလှယ်သံအမတ်ကြီးက မြန်မာနိုင်ငံက တိုးတက်မှုဖြစ်စဉ်တွေကို ပြန်လည်ဖြေရှင်းခဲ့သလို အိန္ဒိယ၊ ကျူးဘား၊ ဗီယက်နမ်နိုင်ငံတွေက စစ်အစိုးရဘက်ကထောက်ခံဆွေးနွေးတယ်လို့ သိရပါတယ်။ စင်္ကာပူနိုင်ငံကတော့ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး စေ့စပ်ဆွေးနွေးအဖြေရှာဘို့ တင်ပြတယ်လို့ သိရပါတယ်။

ညနေပိုင်း အစည်းအဝေးရပ်နားချိန်မှာ ILO အဖွဲ့ဥက္ကဌနဲ့ ကျွမ်းကျင်သူပညာရှင်များ၊ စစ်အစိုးရကိုယ်စားလှယ်တို့ တံခါးပိတ်ဆွေးနွေးပြီးတဲ့နောက် အစည်းအဝေးပြန်စချိန်မှာ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ဆုံးဖြတ်ချက်ကို ချမှတ်လိုက်တာဖြစ်ပါတယ်။ လာမယ့် တနင်္လာနေ့မှာလည်း မြန်မာနိုင်ငံက လွှတ်လပ်တဲ့သင်းပင်းဖွဲ့စည်းမှုနဲ့ပတ်သက်ပြီး ဆွေးနွေးဘို့ရှိသလို မြန်မာနိုင်ငံကစေလွှတ်လိုက်တဲ့ ကိုယ်စားလှယ်နဲ့ပတ်သက်ပြီး ဒီကိုယ်စားလှယ်ဟာ အလုပ်သမားသမဂ္ဂကိုယ်စားလှယ်အစစ်ဟုတ် မဟုတ် စစ်ဆေးမယ့်အစီအစဉ်ရှိတယ်လို့လည်း သိရပါတယ်။

# ဒီမိုကရေစီ၏အခြေခံမူများ

**ကျော်ကျော်စိုး**

**ယခင်ပတ်အဆက်**

အပိုင်း ၁၆

## လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲများ

ကိုယ်စားပြုဒီမိုကရေစီစနစ်အောက်တွင် နေထိုင်ကြ သောပြည်သူလူထုအား လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲများက ၄င်းတို့နိုင်ငံ အစိုးရ၏ နိုင်ငံရေးဆိုင်ရာပြုလုပ်ဆောင်ရွက်မှုများနှင့် အနာဂတ်ပေါ်လစီများကို ချမှတ်ပိုင်ခွင့်ပေးသည်။

လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများသည် အာဏာ ကို ငြိမ်းချမ်းစွာဖြင့်လွှဲပြောင်းပေးနိုင်မှုကို တိုးမြှင့် ပေးသည်။ ရှုံးနိမ့်သွားသည့် ကိုယ်စားလှယ်သည် ရွေးကောက်ပွဲရလဒ်ကိုလက်ခံစေပြီး အစိုးရအဖွဲ့သစ်လက်သို့အာဏာလွှဲ ပြောင်းစေသည်။

ရွေးကောက်ပွဲတခုတည်းနှင့် ဒီမိုကရေစီထွန်းကားပြီဟု အာမခံချက်မပေးနိုင်ပေ။ အကြောင်းမှာ အာဏာရှင်များသည် နိုင်ငံတွင်းရှိအရင်းအမြစ်များကိုသုံး၍ ရွေးကောက်ပွဲလုပ်ငန်းစဥ်များတွင် အသာရစေရန် အမြတ်ထုတ်လုပ်လေ့ရှိသောကြောင့်ဖြစ်သည်။

လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန် အောက်ပါအချက်များလိုအပ်ပေသည်။

– ကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းအရ အရွယ် ရောက်သောအမျိုးသားအမျိုးသမီးအားလုံးမဲပေးပိုင်ခွင့်ရှိရမည်။ ဒီမိုကရေစီသည် ဤအခွင့်အရေးကို လူနည်းစုတိုင်းရင်းသားများ၊ မသန်မစွမ်းများကိုကန့်သတ်ခြင်းမရှိ၊ ထို့အတူ ပညာတတ်သူများ၊ ကြွယ်ဝချမ်းသာသူများကိုသာ ဤအခွင့်အရေးရမည်ဟု သတ်မှတ်ထားခြင်းမရှိ။

– ပြည်သူ့ကိုယ်စားလှယ်အဖြစ် သို့မဟုတ် မဲပေးသူအဖြစ် လွတ်လပ်စွာမှတ်ပုံတင်နိုင်ရမည်။

– ကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးပါတီများသည် လွတ်လပ်စွာပြောဆိုနိုင်ရမည်။ ဒီမိုကရေစီသည် ကိုယ်စားလှယ်များ နိုင်ငံရေးပါတီများကို လက်ရှိအစိုးရလုပ်ဆောင်ချက်များကို ဝေဖန်ခြင်း မပြုရဆိုသည်ကို ကန့်သတ်ထားခြင်းမရှိ။

– မဲဆန္ဒရှင်များသည် လွတ်လပ်သောသတင်းမီဒီယာမှတဆင့် ရွေးကောက်ပွဲဆိုင်ရာကန့်ကွက်မှုများကို သိရှိပိုင်ခွင့်ကဲ့သို့သော အခွင့်အလမ်းများစွာ ရှိရမည်။

– နိုင်ငံရေးဟောပြောပွဲများနှင့် စည်းရုံးလှုံ့ဆော်မှုများကို လွတ် လပ်စွာပြုလုပ်နိုင်ရမည်။

– ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ပါတီကိုယ်စားလှယ်များသည် မဲပေး သည့်နေရာနှင့် ဝေးကွာသောနေရာတွင် ရှိနေရမည်ဆိုသည့် စည်းမျဉ်းရှိရ မည်။ (ရွေးကောက်ပွဲအရာရှိများ၊ မဲရုံဝန်ထမ်းများ၊ နိုင်ငံတကာစောင့်ကြည့်သူများသည် မဲပေးရေးလုပ်ငန်းစဉ်များကို ကူညီပေးနိုင်သည်၊ သို့သော် မည်သူ့ကို မဲပေးမည်ဆိုသည့်ရွေးချယ်မှုတွင်ပါဝင်ခြင်းမပြုရ)

– ရွေးကောက်ပွဲကျင်းပမှုနှင့် ရွေးကောက်ပွဲရလဒ်စစ်ဆေးမှုတွင် ဘက်လိုက်မှုမရှိစေရန်နှင့်ထိန်းညှိထားသည့်စနစ်ရှိရမည်။ (စနစ်တကျလေ့ကျင့်ထားသည့် ရွေးကောက်ပွဲအရာရှိများသည် နိုင်ငံရေးအရ သီးခြားကင်းလွတ်မှုရှိရမည်၊ ရွေးကောက်ပွဲကို စောင့်ကြည့်သည့်သူများတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ ပါဝင်သင့်သည်)

– မဲပေးရမည့်နေရာများသို့ အဆင်ပြေပြေသွားရောက်နိုင်ရမည်၊ လျှို့ဝှက်စွာဆန္ဒပြုနိုင်သည့်နေရာရှိရမည်၊ မဲပုံးများလုံခြုံမှုရှိရမည်၊ မဲရေတွက်မှုသည် အများပြည်သူအလွယ်တကူမြင်သာထင်သာ ရှိရမည်။

– လျှို့ဝှက်စွာမဲပေးမှုရှိရမည်။ ဆိုလိုသည့်အဓိပ္ပာယ်မှာ မဲဆန္ဒရှင်တဦးသည် မိမိကကိုယ်စားလှယ် သို့မဟုတ် ပါတီကိုရွေးချယ်လိုက်ခြင်းကြောင့် ဆန့်ကျင်ခံရခြင်းမရှိစေရ။

– ရွေးကောက်ပွဲမသမာမှုများအတွက် ဥပဒေကြောင်းအရ တားမြစ်ကန့်သတ်မှုများရှိရမည်။ (မဲကိုနှစ်ကြိမ်ရေတွက်ခြင်း၊ မဲဝှက်ခြင်း စသည့် မဲရေတွက်မှုတွင် အသာစီးရရန်လုပ်ဆောင်မှုများကို တားမြစ်အရေးယူမည့်ဥပဒေရှိရမည်)

– မဲပြန်လည်ရေတွက်ခြင်းနှင့် ယှဉ်ပြိုင်မှုလုပ်ငန်းစဉ်များသည် ကောင်းမွန်မှန်ကန်စွာဖြင့်လုပ်ဆောင်နိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်ကို ပြန်လည်သုံးသပ်မှုနှင့် ဥပဒေကြောင်းအရလုပ်ထုံးလုပ်နည်းများရှိရမည်။

မဲပေးခြင်းနည်းလမ်းများသည် တနိုင်ငံနှင့်တနိုင်ငံမတူညီနိုင်ပေ၊ တခါတရံတွင် နိုင်ငံတွင်း၌ပင် ကွဲပြားမှုရှိနိုင်သည်၊ သို့ သော်လည်း အောက်ဖော်ပြပါအချက်များလိုအပ်ပေသည်။

– စက္ကူမဲပြားများ(မဲပြားပေါ်တွင် အမှတ်သင်္ကေတခြစ်ခြင်း သို့မဟုတ် အပေါက်ဖောက်ခြင်း)

– မဲပြားပေါ်တွင် ကိုယ်စားလှယ်လောင်းများ၏ရုပ်ပုံ သို့မဟုတ် ပါတီအမှတ်သင်္ကေတရှိရမည်၊ သို့မှသာ စာမတတ်သောမဲဆန္ဒရှင်များ ၄င်းတို့မဲပေးချင်သည့်ကိုယ်စားလှယ်၊ ပါတီကို မှန်ကန်စွာမဲပေးနိုင်မည်။

– အီလက်ထရွန်နစ်မဲပေးမှုစနစ်တွင် မဲဆန္ဒရှင်သည် စက်ကိရိယာ၏ မျက်နှာပြင်ပေါ်ထိတွေ့ကာ ဆန္ဒပြုခြင်း သို့မဟုတ် ခလုတ်များနှိပ်ကာ ဆန္ဒပြုခြင်းဖြစ်ရမည်။

– မဲပေးသည့်နေ့တွင် လာရောက်မဲမပေးနိုင်သော မဲဆန္ဒရှင်များအတွက် ကြိုတင်မဲကို ရွေးကောက်ပွဲကျင်းပရက်မတိုင်မီပေးပိုင်ခွင့် ရှိရမည်။

အပိုင်း ၁၇

## ဘာသာရေးလွတ်လပ်ခွင့်

ဘာသာရေးဆိုင်ရာယုံကြည်မှုနှင့်ပတ်သက်၍ ပြည်သူ ပြည်သားအားလုံးသည် ၄င်းတို့၏အသိစိတ်အတိုင်း လွတ်လပ် စွာလုပ်ဆောင်ပိုင်ခွင့်ရှိသင့်သည်။ ဘာသာရေးလွတ်လပ်ခွင့်တွင် မိမိတဦးချင်းသော်လည်းကောင်း၊ အခြားသူများနှင့်သော်လည်းကောင်း ဝတ်ပြုဆုတောင်းပိုင်ခွင့်၊ ဘာသာရေးဆိုင်ရာအခမ်း အနားများတက်ရောက်ခွင့်၊ ကျင့်ဝတ်များစောင့်ထိန်းခွင့်၊ လက်တွေ့လုပ်ဆောင်ခွင့်၊ လက်ဆင့်ကမ်းပညာပေးခွင့် စသည်များကို အစိုးရ သို့မဟုတ် လူ့အဖွဲ့အစည်းအတွင်းရှိ အခြားအုပ်စုများ၏ ဖိနှိပ်ခြိမ်းခြောက်မှု များကို ကြောက်ရွံ့စိုးရိမ်ရခြင်းမှ ကင်းလွတ်စေရမည်။

လူအားလုံးသည် လွတ်လပ်စွာကိုးကွယ်ပိုင်ခွင့်ရှိပြီး ဘာသာရေး သို့မဟုတ် ယုံကြည်မှုတခုအတွက် လွတ်လပ်စွာစုရုံးပိုင်ခွင့်ရှိသည့်အပြင် ထိုယုံကြည်ကိုးကွယ်မှုအတွက် နေရာများကိုလည်းတည်ထောင်ထိန်းသိမ်း စောင့်ရှောက်ပိုင်ခွင့်ရှိသည်။

အခြားအခြေခံလူ့အခွင့်အရေးများကဲ့သို့ပင် ဘာသာရေး လွတ်လပ်ခွင့်အား အစိုးရကဖန်တီးခြင်း ခွင့်ပြုချက်ပေးထားခြင်းမဟုတ်ပေ၊ သို့သော် အစိုးရတိုင်းသည် ဤလွတ်လပ်ခွင့်ကို အကာအကွယ်ပေးရမည်။ ဒီမိုကရေစီနိုင်ငံများရှိ ဖွဲ့စည်းပုံအခြေခံဥပဒေများထဲတွင် ဘာသာရေးလွတ်လပ်ခွင့်များကို အကာအကွယ်ပေးခြင်းနှင့်ပတ်သက်၍ စကားလုံးအတိအလင်းဖော်ပြထားလေသည်။

<u>ဒီမိုကရေစီနိုင်ငံများစွာတို့တွင် ဘာသာရေးနှင့်နိုင်ငံရေးသီးခြား</u>

တဖက်သို့

# ဒေါ်အောင်ဆန်းစုကြည်အမှုအတွက် အဖွဲ့ချုပ်လှူငယ် ပြင်းထန်စွာ ကန့်ကွက်

**DVB၊ ဂျွန် ၆။** ။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို တရားစွဲထားတဲ့အပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လူငယ် လုပ်ငန်းများဖော်ဆောင်ရေးအဖွဲ့က ကန့်ကွက်ကြောင်း ကြေညာချက်ထုတ်ပြန်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ပြည်ထဲရေးဝန်ကြီးဌာနက မနေ့ညနေပိုင်းမှာ ခေါ်ယူ သတိပေးခဲ့တယ်လို့ သိရပါတယ်။

ပြည်ထဲရေးဌာန ရဲမှူးကြီးဝင်းနိုင်ထွန်းနဲ့ ရန်ကုန်တိုင်း တဝတဉက္ကဋ္ဌတို့က ခေါ်တွေ့ခဲ့တာဖြစ်ပြီး အဖွဲ့ချုပ်ခေါင်းဆောင်တွေဖြစ်တဲ့ ဦးလှဖေ၊ ဦးညွန့်ဝေ၊ ဦးစိုးမြင့်နဲ့ ဦးသန်းထွန်းတို့သွားတွေ့ခဲ့ကြပါတယ်။ လူငယ်အဖွဲ့က ထုတ်ပြန်ထားတဲ့ကြေညာချက်နဲ့ ပြည်သူလူထုကို ဆူပူအောင်လုပ်နိုင်တဲ့ အချက်တွေပါနေတယ်ဆိုပြီး ပြည်ထဲရေးဝန်ကြီးဌာနက သတိပေး ပြောကြားလိုက်တာတွေကို ဦးသန်းထွန်းက ပြောပါတယ်။

"လူငယ်လုပ်ငန်းအဖွဲ့က လုပ်တဲ့ကိစ္စဟာ အန်အယ်လ်ဒီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ စီအီးစီရဲ့ ခွင့်ပြုချက်အရ၊ သဘောတူညီချက်အရ လုပ်တယ်ဆိုတာ ဟုတ်ပါသလားလို့ မေးတယ်။ ဟုတ်တယ်လို့ပြောလိုက်တယ်။ တရားစီရင်ရေးအပေါ်မှာ အန်အယ်လ်ဒီကလည်း တရားစစ်ဆေးနေတဲ့အချိန်မှာ နေ့စဉ် ကြေညာချက်တွေထုတ်တယ်တဲ့။ အဲ့ဒီကြေညာချက်တွေအပေါ်မှာ သူတို့ မှီးပြီးတော့ ရေးတာပဲလို့။ "လူငယ်လုပ်ငန်းဖော်ဆောင်ရေးအဖွဲ့က မှတ်ပုံတင်ထားတဲ့ အဖွဲ့အစည်းမဟုတ်လို့ ဒီလို ကြေညာချက်တွေထုတ်နိုင်တဲ့ အခြေအနေမရှိဘူးတဲ့။ ကြေညာချက်က အင်တာနက်ပေါ်မှာလည်း ရောက်ကုန်တယ်တဲ့။ အဲ့ဒါတွေလည်း သူတို့ အရေးယူချင်ရင် အပြစ်ရှိတယ်လို့ပြောတယ်။"

လူငယ်အဖွဲ့ကထုတ်ထားတဲ့ ကြေညာချက်နဲ့ပတ်သက်ပြီး ဖြစ်ပေါ်လာမယ့်နောက်ဆက်တွဲ အခြေအနေတွေကို တာဝန်ယူကြောင်း ဝန်ခံလက်မှတ်ထိုးပေးခဲ့ရတယ်လို့ ဦးသန်းထွန်းက ပြောပါတယ်။

"အကယ်၍ ဒီဟာနဲ့ပတ်သက်လို့ အကျိုးအဆက်တွေ ပေါ်လာရင် စီးအီးစီက တာဝန်ယူပါတယ်ဆိုတာ၊ သူတို့ပြောတာတွေကို စီးအီးစီက သိပါတယ်ဆိုတာ လက်မှတ်ထိုးပါလို့ ပြောလို့ ဒါ ကိုယ်လုပ်ခဲ့ပြီးမှတော့ တာဝန်ယူတယ်ဆိုပြီးထိုးခဲ့ကြတာပါပဲ။"

လူငယ်အဖွဲ့တာဝန်ရှိသူတွေကိုလည်း မနေ့ညနေက ဗဟန်းမြို့နယ် မဝတရုံးက ခေါ်ယူ သတိပေးခဲ့တယ်လို့လည်း ဦးသန်းထွန်းက ပြောပါတယ်။ အဖွဲ့ချုပ်လူငယ်လုပ်ငန်းများဖော်ဆောင်ရေးအဖွဲ့က ဒေါ်အောင်ဆန်းစုကြည်ကို အများပြည်သူကြားနာခွင့်မရဘဲ တရားစီရင်နေတဲ့အပေါ် အပြင်းအထန် ကန့်ကွက်ကြောင်း ဒီလ ၂ ရက် နေ့စွဲနဲ့ ကြေညာချက်ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်၊ တိုင်းပြည်နဲ့လူထုအကျိုးကိုရှေ့ရှုပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးဖို့လည်း တောင်းဆိုထားပါတယ်။ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနဲ့ ဒေါ်ဝင်းမမတို့ကို ပျက်ပြယ်သွားပြီဖြစ်တဲ့ ၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တွေကို ရည်ညွှန်းပြီး တရားစွဲထားတဲ့ကိစ္စကို လုံးဝလက်မခံနိုင်ဘူးလို့ အဖွဲ့ချုပ် လူငယ်လုပ်ငန်းများဖော်ဆောင်ရေးအဖွဲ့ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။ ဒီအချက်နဲ့ပတ်သက်ပြီး လူငယ်တာဝန်ခံ ကိုမျိုးညွန့်က ရှင်းပြပါတယ်။

"ဒီ ၇၄ အခြေခံဥပဒေဟာ ၁၉၈၈ စစ်အာဏာသိမ်းတဲ့နေ့ကစပြီး ပျက်ပြယ်သွားပြီ။ ဗိုလ်ချုပ်ကြီးစောမောင်လက်ထက်က ဗိုလ်ချုပ်ကြီးစောမောင်ကိုယ်တိုင်ကို ပြောထားတာ။ 'ကျုပ်တို့က စစ်အုပ်ချုပ်နည်းနဲ့လုပ်နေတာ၊ ဘယ်အခြေခံဥပဒေမှ မရှိတော့ဘူး။ အခြေခံဥပဒေနဲ့ပတ်သက်တာ ရွေးကောက်ပွဲမှာနိုင်တဲ့ ကိုယ်စားလှယ်တွေရဲ့အလုပ်၊ ပါတီတွေရဲ့အလုပ်' ဆိုပြီး ပြောထားတာရှိတယ်။ ပျက်ပြားပြီးသွားတဲ့ အခြေခံဥပဒေအရ ဒီပုဒ်မကို စွဲတင်ထားတဲ့အတွက် ဒါလုံးဝမတရားဘူး။ ဒါကြောင့် ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ဆုံး ပြန်လွှတ်ပေးဖို့ တောင်းဆိုထားတာပါ။"

အာဏာပိုင်တွေအနေနဲ့ ဥပဒေအထက်မှာ ဘယ်သူမှ မရှိစေရ ဘူးလို့ အတိအလင်းပြောထားပေမယ့် ဒေါ်အောင်ဆန်းစုကြည်တို့အမှုကို ကြားနာစစ်ဆေးရာမှာ ဥပဒေကပေးထားတဲ့ ခုခံချေပခွင့် အပြည့်အဝမရဘူးလို့လည်း အဖွဲ့ချုပ်လူငယ်လုပ်ငန်းများ ဖော်ဆောင်ရေးအဖွဲ့ ကြေညာချက်မှာထောက်ပြထားပါတယ်။

---

<u>ခွဲထုတ်ထားခြင်းကို အသိအမှတ်ပြုထားသော်လည်း အစိုးရနှင့် ဘာသာရေး တန်ဖိုးထားမှုတို့သည် အခြေခံပဋိပက္ခ မဟုတ်ပေ။</u>

ဒီမိုကရေစီနိုင်ငံများတွင် ယေဘုယျအားဖြင့် အစိုးရလက်အောက်ခံအေဂျင်စီများ အဖွဲ့အစည်းများသည် ဘာသာရေးဆိုင်ရာကိစ္စရပ်များကို နည်းဥပဒေများဖြင့် ထိန်းသိမ်းခြင်းမရှိသော်လည်း ဘာသာရေးဆိုင်ရာအဆောက်အဦများ၊ အသင်းအဖွဲ့များအတွက် အုပ်ချုပ်ရေးနှင့်အခွန်ကိစ္စများအတွက် မှတ်ပုံတင်ရန်လိုအပ်ပေသည်။

အစိုးရသည် လွတ်လပ်စွာပြောဆိုခွင့်နှင့် စုရုံးပိုင်ခွင့်များ ကိုအကာအကွယ်ပေးသကဲ့သို့ပင် ပြည်သူပြည်သားအားလုံး ဘာသာရေးကို လွတ်လပ်စွာကိုးကွယ်နိုင်ရေးအတွက် ဘာသာရေးဆိုင်ရာလွတ်လပ်ခွင့်ကိုလည်း အကာအကွယ်ပေးရမည်ဖြစ် သည်။

စစ်မှန်သည့်ဒီမိုကရေစီက လူတဦးချင်းစီ၏ဘာသာရေး ဆိုင်ရာယုံကြည်ချက်ခြားနားများကို လေးစားအသိအမှတ်ပြုပြီး ယုံကြည်ရာကိုးကွယ်ခြင်းကို အကာအကွယ်ပေးရေးသည် အစိုးရ၏အဓိကတာဝန်တရပ်ဖြစ်ပေ သည်။

ဒီမိုကရေစီသည် အောက်ဖော်ပြပါအချက်များကို စောင့်ထိန်း သည်။

– ဘာသာရေးဆိုင်ရာပုံနှိပ်ထုတ်ဝေမှု၊ ပညာရေးနှင့် တရားပွဲများ တွင် ပါဝင်သည့်အကြောင်းအချက်များကို ဆုံးဖြတ်ခြင်းမပြုပေ။

– မိဘများက ၎င်းတို့၏သားသမီးများအား ဘာသာရေးဆိုင်ရာ ပညာပေးလမ်းညွှန်သည့်အခွင့်အရေးကို လေးစားသည်။

– ဘာသာရေးကိုအကြောင်းပြု၍ အခြားသူများအပေါ် အင်အားသုံး အကြမ်းဖက်ခြင်းများဖြစ်ပွားစေရန် လှုံ့ဆော်မှုများကို တားမြစ်သည်။

– လူမျိုးရေး၊ ဘာသာရေးနှင့် ဘာသာစကားအရကွဲပြားခြားနားသည့် လူနည်းစုများကို ကာကွယ်ပေးသည်။

– ပြည်သူပြည်သားများအား ၎င်းတို့အားလပ်သောရက်များတွင် ၎င်းတို့ယုံကြည်မှုနှင့်အညီ စုရုံးခြင်းနှင့် မြင့်မြတ်သောနေ့ရက်များအတွက် အထိမ်းအမှတ်ပွဲကျင်းပခွင့်ပြုသည်။

– ပြည်သူပြည်သားအားလုံး ရင်ဆိုင်နေရသည့်စိမ်ခေါ်မှုများကို ပူးပေါင်း ဖြေရှင်းနိုင်ရေးနှင့် ယုံကြည်မှုမတူညီသည့်သူများအကြား အကြောင်းကိစ္စအမျိုးမျိုး အပေါ်တူညီသည့် သဘောထားအမြင်များရရှိရေးအတွက် ထိုသူများအကြား အပြန်အလှန်ထိတွေ့ လှုပ်ရှားမှုများ များပြားကျယ်ပြန့်လာရေးကိုခွင့်ပြုရမည်။

– ဘာသာရေးဆိုင်ရာဖိနှိပ်မှုများရှိသည်ဆိုသည့်အစီရင်ခံမှုများအတွက် အစိုးရနှင့် ဘာသာရေးဆိုင်ရာတာဝန်ရှိသူများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ စာနယ်ဇင်းသမားများသည် လွတ်လပ်စွာစုံစမ်းစစ်ဆေးပိုင်ခွင့်ရှိရမည်။

– ဘာသာရေးဆိုင်ရာအဖွဲ့အစည်းများ လွတ်လပ်စွာလှုပ်ရှားခွင့် နှင့် လူ့အဖွဲ့အစည်းအတွက် လုပ်ဆောင်ခွင့်ကိုလေးစားရမည်ဖြစ်ပြီး ယုံကြည်မှုအခြေပြုကျောင်းများ၊ ဆေးရုံများတည်ထောင် လုပ်ကိုင်ခွင့်နှင့် သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်ခြင်းနှင့် လူ့အဖွဲ့အစည်းအတွက် အခြားအစီအစဉ်များနှင့် လှုပ်ရှားမှုများကို ခွင့်ပြုရမည်။

# ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဥပဒေအကျိုးဆောင်တွေ နအဖရဲ့ ဖိအားပေးမှုခံနေရ

**VOA၊ ဂျွန် ၁၁။ ။** ဥပဒေကိုချိုးဖောက်တယ်လို့ စွပ်စွဲပြီး တရားစွဲဆိုခံနေရ တဲ့မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အတွက် လိုက်ပါဆောင်ရွက်ပေးနေတဲ့ ဥပဒေအကျိုးဆောင်တွေအပေါ် အာဏာပိုင်တွေက ဖိအားပေးမှုတွေရှိလာနေတယ်လို့ ရှေ့နေတွေကပြောပါတယ်။ ဒီလိုအခြေအနေတွေအောက်မှာ မြန်မာနိုင်ငံကတရားဥပဒေစိုးမိုးရေးနဲ့ပတ်သက်လို့ သံသယတွေဖြစ်ရတယ်လို့ ဒေါ်အောင်ဆန်းစုကြည်ကပြောလိုက်ပါတယ်။

တရားစွဲဆိုကြားနာမှုတွေ လုပ်ဆောင်နေစဉ်ကာလအတွင်း ဥပဒေနဲ့မညီတဲ့ကိစ္စတွေရှိနေတယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ကန့်ကွက်ပြောဆိုနေချိန်မှာဘဲ အခုနောက်ဆုံးအမှုမှာ လိုက်ပါဆောင်ရွက်ပေးနေတဲ့ သူ့ရဲ့ရှေ့နေတွေအပေါ် ဖိအားပေးခံရတယ်ဆိုတဲ့သတင်းတွေလည်း ထွက်ပေါ်လာတာပါ။ ဒေါ်အောင်ဆန်းစုကြည်ဘက်က ဥပဒေအကျိုးဆောင်ပေးနေတဲ့ ရှေ့နေတဦးဖြစ်သူ ဦးလှမျိုးမြင့်ရဲ့ ဇနီးသည်ဖြစ်သူဟာ ဒီတပတ်ထဲမှာဘဲ သူ့ရဲ့အလုပ်ကထုတ်ပြစ်တာကို ခံလိုက်ရတာပါ။

ထုတ်ပယ်တဲ့အကြောင်းက ရှင်းရှင်းလင်းလင်းမရှိပေမယ့် အစောပိုင်းမှာ အာဏာပိုင်တွေက ခင်ပွန်းသည်အမှုမှာဆောင်ရွက်နေတာတွေကို မေးတာမြန်းတာတွေရှိခဲ့တာမို့ ဒီကိစ္စဟာ သူ့ရဲ့အမှုမှာ လိုက်ပါဆောင်ရွက်နေတာနဲ့ဆိုင်လိမ့်မယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ယုံကြည်ထားသလို ဒါဟာလည်း တရားဥပဒေစိုးမိုးရေးနဲ့ပတ်သက်လို့ မေးခွန်းထုတ်စရာဖြစ်ရတယ်လို့ ပြောလိုက်ပါတယ်။ ရန်ကုန်အင်းစိန်ထောင်ထဲမှာ သူ့ရဲ့ဥပဒေအကျိုးဆောင်တွေနဲ့ မနေ့တုန်းက တနာရီကျော်ကြာတွေ့ဆုံချိန်မှာ အဲဒီလိုမှတ်ချက်ပေးပြောဆိုလိုက်တာလို့ သူ့ရဲ့ရှေ့နေတဦးဖြစ်တဲ့ ဦးဉာဏ်ဝင်းကပြောပါတယ်။

“သူက ဗဟိုသမဝါယမအသင်းမှာ အကြီးတန်းမန်နေဂျာလုပ်တယ်။ နဂိုကတော့ သမဝါယမဦးစီးဌာနကဝန်ထမ်းပေါ့။ အဲဒီကပင်စင်ယူပြီး ဗဟိုသမအသင်းမှာဆက်လုပ်တာပေါ့။ လွန်ခဲ့တဲ့ ၁၀ ရက်လောက်ကစပြီး ဦးလှမျိုးမြင့် ဒီအမှုကိုလိုက်ပါဆောင်ရွက်တဲ့ကိစ္စတွေ သူ့ကိုဌာနကမေးတာတွေရှိတယ်။ အဲဒီနောက်ပိုင်း ၉ ရက်နေ့ကျတော့ ဘာအကြောင်းပြချက်မှမပေးဘဲနဲ့ အလုပ်ထုတ်လိုက်တယ်။

ဒါနဲ့ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်ပြောတဲ့ မှတ်ချက်ကိုလည်း ကိုလှမျိုးမြင့်ကပြောတယ်။ ဒါကိစ္စမရှိဘူး။ သူခံနိုင်ပါတယ်၊ ဘာမှအရေးမကြီးဘူးဆိုတော့ ဒေါ်စုကပြောတာ ဦးလှမျိုးမြင့်အတွက် သူမစဉ်းစားဘူး သူစဉ်းစားတာက ဒီမှာတရားဥပဒေစိုးမိုးရေးနဲ့ပတ်သက်ပြီးတော့စဉ်းစားတာ။ ဒါဟာတနည်းအားဖြင့် ဒေါ်အောင်ဆန်းစုကြည်ရဲ့ရှေ့နေတွေအပေါ်မှာ ဖိအားပေးတဲ့သဘောဘဲလို့ အဲဒီလိုသဘောထားအမြင်ကို ပြောပါတယ်။”

ဒီလိုဘဲတရားဥပဒေနဲ့အညီမဟုတ်တဲ့ ဆောင်ရွက်မှုတွေရှိနေတဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်ဘက်က ကန့်ကွက်တာတွေ အစောပိုင်းမှာကတည်းက ရှိခဲ့တာပါ။ အခုနောက်ဆုံး ထပ်ပြီး စွပ်စွဲချက်အသစ်တွေနဲ့ အရေးယူဘို့လုပ်လာချိန်ကစလို့ မူလကပြစ်ဒဏ်တွေ ပျက်ပြယ်သွားတဲ့အကြောင်း အာဏာပိုင်တွေက ပြီးခဲ့တဲ့လကုန်ပိုင်းမှာကတည်းက တရားဝင်အကြောင်းကြားထားတာပါ။

ဒါပေမယ့်လည်း မိတ်တွေတချို့က အိမ်မှုကိစ္စအတွက် သွားရောက်ဘို့ကြိုးပမ်းတဲ့အခါ အထက်အမိန့်မရလို့ဆိုပြီး အာဏာပိုင်တွေက တားမြစ်တာမျိုးတွေကြုံရတာမို့ ဒါဟာ ဥပဒေပြဌာန်းချက်တွေနဲ့ ဆန့်ကျင်တဲ့လုပ်ရပ်အဖြစ် ဒေါ်အောင်ဆန်းစုကြည်က လက်မခံနိုင်ကြောင်းလည်း ပြောထားတာပါ။ ဒီလိုဘဲ အမှုမှာခုခံချေပဘို့ တရားခွင်မှသက်သေ ၄ ယောက်တင်သွင်းဘို့ ကြိုးစားပေမယ့်လည်း အခုအချိန်အထိ ၂ ယောက်သာခွင့်ပြုခဲ့တာဖြစ်ပြီး ကျန် ၂ ယောက်ဖြစ်တဲ့ အဲန်အဲယ်လ်ဒီပါတီက ဒုဥက္ကဋ္ဌဦးတင်ဦး၊ အတွင်းရေးမှူးဦးဝင်းတင်တို့ကိုတော့ လက်မခံပယ်ချထားတာဟာ ဥပဒေနဲ့မကိုက်ညီဘူးဆိုပြီး ဒေါ်အောင်ဆန်းစုကြည်ဘက်က ပြောထားတာပါ၊ ဒီအတွက် တရားရုံးချုပ်အထိကို ဆက်ပြီးလျှောက်လဲသွားဘို့ဒေါ်အောင် ဆန်းစုကြည်ကိုယ်တိုင်ကလည်း လိုလားနေပါတယ်။ ဒီလို ကျန်သက်သေ ၂ ဦး တရားခွင်မှာ ထွက်ဆိုခွင့်ရဘို့အတွက်ကိုတော့ ဗဟိုတရားရုံးချုပ်ကို ဒေါ်အောင် ဆန်းစုကြည်ရဲ့ ဥပဒေအကျိုးဆောင်တွေက ဒီကနေ့ဘဲ စာတင်လိုက်ပြီလို့ ရှေ့နေ ဦးဉာဏ်ဝင်းကပြောပါတယ်။

“တင်လိုက်ပါပြီ။ တရားရုံးချုပ်ကရက်ချိန်းလည်းပေးလိုက်တယ်။ လာမယ့် ၁၇ ရက်နေ့မှာ လက်ခံရေးအတွက် လျှောက်လဲချက်ပေးရမှာပါ။ သောကြာနေ့ကတော့ ကျနော်တို့သွားရမယ်လေ။ ရုံးရှေ့ရောက်တော့မှ အစီအစဉ်သိရမှာ။” ဒေါ်အောင်ဆန်းစုကြည်ရဲ့ဥပဒေအကျိုးဆောင် ရှေ့နေတဦးဖြစ်တဲ့ ဦးဉာဏ်ဝင်းပြောပြသွားတာဖြစ်ပါတယ်။

အစောပိုင်း တရားရုံးအစီအစဉ်တွေအရဆိုရင်တော့ မနက်ဖြန် သောကြာနေ့ကျရင် ရန်ကုန်အင်းစိန်ထောင်တွင်းမှာ ကြားနာနေတဲ့တရားခွင်မှာ ရှေ့နေတွေလျှောက်လဲချက်တွေတင်သွင်းဘို့ ယာယီအားဖြင့် သတ်မှတ်ထားပါတယ်။ ဒါပေမယ့်လည်း ဒေါ်အောင်ဆန်းစုကြည်ဘက်က ခုခံပေးမယ့်သက်သေတွေ နောက်ထပ်တင်သွင်းခွင့်ရဘို့ကြိုးပမ်းမှုတွေ ရှိလာတာနဲ့အမျှ တရားခွင်အစီအစဉ်တွေ အပြောင်းအလဲရှိလာဘို့လည်း မျှော်လင့်ရပါတယ်။

နေအိမ်ခြံဝင်းထဲကို အမေရိကန်နိုင်ငံသားတဦး တိတ်တဆိတ်ရေကူးဝင်ရောက်လာတာကို လက်ခံတာဟာ တားမြစ်ချက်ကိုဖောက်ဖျက်တာလို့ အာဏာပိုင်တွေဘက်ကစွပ်စွဲပြီး အခုလို တရားစွဲဆိုတာနဲ့ရင်ဆိုင်နေရပေမယ့်လည်း ဒေါ်အောင်ဆန်းစုကြည်ဘက်ကတော့ သူဟာအပြစ်မရှိကြောင်း ရုံးတော်ကိုပြောထားတာပါ။ တကယ်တော့ နေအိမ်အကျယ်ချုပ် သက်တမ်းစေ့တော့မယ့်အချိန် အခုလို နောက်ထပ်အပြစ်ပေးအရေးယူခံရမယ့် အခြေအနေမျိုးကြုံလာရတာမို့ အခုအဖြစ်အပျက်နဲ့ပတ်သက်လို့ ပြည်တွင်းပြည်ပက သံသယတွေ၊ ဝေဖန်မှုတွေလည်း အကြီးအကျယ်ထွက်ပေါ်ခဲ့တာပါ။

---

# သံဃာတော်များပြည်ပခရီးဖျက်သိမ်းခံနေရ

**NEJ၊ ဂျွန် ၁၂။ ။** ပြည်ပထွက်ခွာမည့် သံဃာတော်များအား သာသနာရေးဝန်ကြီးဌာနက ထောက်ခံချက်ထုတ်မပေး၍ သံဃာတော်များအနေဖြင့် ပြည်ပခရီးစဉ်များ ဖျက်သိမ်းနေကြရကြောင်း ရန်ကုန်သံဃာတော်တပါးက မိန့်ပါတယ်။

“ဘယ်နေ့ကစပြီးတော့ ထောက်ခံချက်မပေးတာလည်းဆိုတာ မပြောဘူး။ ဘာကြောင်းလည်းလို့မေးတော့ အထက်အမိန့်အရပါလို့ဘဲ ပြည်ပသာသနာရေး ဒု–ညွှန်မှူးဦးအောင်သိန်းညွန့်ကပြောတယ်။” လို့ သံဃာတော်ကမိန့်ဆိုပါတယ်။ သံဃာတော်များအနေဖြင့် နအဖ စစ်အစိုးရတက်လာပြီးနောက်ပိုင်း ပြည်ပသို့စာသင်ထွက်ခွာသည်ဖြစ်စေ၊ သာသနာပြုခရီးကြွရောက်သည်ဖြစ်စေ၊ ဆေးကုသခံယူရန် ကြွရောက်သည်ဖြစ်စေ၊ ပြည်ပသာသနာရေးဦးစီးဌာန၏ ထောက်ခံချက်ရယူရပါတယ်။

ထိုကဲ့သို့ ထောက်ခံချက်ထုတ်မပေးရတဲ့အကြောင်းကို ကမ္ဘာအေးရှိ ပြည်ပသာသနာရေးဌာနသို့ ဆက်သွယ်မေးမြန်းရာ “ဆရာဦးအောင်သိန်းညွန့်မရှိပါဘူး။ ထောက်ခံချက်ထုတ်မပေးတာဟုတ်ပါတယ်၊ ဘယ်နေ့အထိဆိုင်းငံ့ထားမယ်ဆိုတာ မသိပါဘူး။ ဘာ့ကြောင့်ဆိုတာလည်းမသိပါဘူး။ အထက်ကညွှန်ကြားချက်အရပါ။” လို့ ဝန်ထမ်းတဦးကဖြေပါတယ်။

ပြည်ပသာသနာရေးဦးစီးဌာနမှ ထောက်ခံချက်ရရန် သံဃာတော်များအနေဖြင့် ကျပ်ငွေ ၅,၀၀၀ နှင့် ကျပ် ၁၀,၀၀၀ အထိ ပေးကမ်းနေကြရတယ်လို့လည်း အထက်ပါသံဃာတော်က မိန့်ဆိုပါတယ်။ ယခင်ရက်ပိုင်းများက ထောက်ခံချက်ရရှိထားကာ သံရုံးများမှဗီဇာကျထားပြီး ပြည်ပထွက်မည့် သံဃာတော်အချို့လည်း ရန်ကုန်လေဆိပ်ရှိ သတင်းတပ်ဖွဲ့၊ လဝက၊ စရဖ စတဲ့ပူးပေါင်းအဖွဲ့များက ထွက်ခွာခြင်းမပြုရန် တားမြစ်ခဲ့သဖြင့် ယမန်နေ့က သံဃာတော်အချို့ လေယာဉ်လက်မှတ်အဆုံးခံ၍ ပြန်ခဲ့ရကြောင်း စုံစမ်းသိရှိရပါတယ်။

**ဂျွန် ၅ ၊ DVB ။ ။** ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့ မှ နစ်ရှည်နိုင်ငံရေးအကျဉ်းကျသူများစွာသည် ထောင်တွင်း ကျန်းမာရေးအခြေအနေ ဆိုးဝါးနေကြကြောင်း အထူးသဖြင့် မင်းကိုနိုင်၊ ကိုဌေးကြွယ်၊ ကိုကိုကြီး၊ ကိုမြအေးတို့သည် အခြေအနေဆိုးဝါးကြောင်း ထောင်ဝင်စာတွေ့ခဲ့သူ ကိုမြအေး၏သမီး ဝေနှင်းပွင့်သုံမှ ဒီဗွီဘီသို့ဆို၏။

**ဂျွန် ၅ ၊ DVB ။ ။** ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး ပြည်သူများမှ မေတ္တာပို့ဆုတောင်းပွဲပြုရန် ဒေါ်စုပုံများ မြို့များတွင်ဖြန့်ခြင်း၊ ဒေါ်စုအား ချက်ချက်းလွှတ်ပေး စာတမ်းပါလက်ဆင့်ကမ်းစာတမ်းများ၊ အင်္ကျီဖြူများဝတ်ဆင်ခြင်း၊ လှုပ်ရှားရှားမှုများလုပ်နေကြောင်း။

**ဂျွန် ၈ ၊ DVB ။ ။** ဒေါ်အောင်ဆန်းစုကြည်အား တရားစွဲထားမှုအချိန်ကြာလာခြင်းသည် နိုင်ငံတကာ၏ဖိအားကြောင့်ဟု သုံးသပ်သူအချို့မှဆို၏။

**ဂျွန် ၈ ၊ DVB ။ ။** ယခင်သီတင်းပါတ်က အမေရိကန်သံရုံးရှေ့ဆန္ဒပြမှုသည် နအဖ၏ဖန်တီးမှုဖြစ်နိုင်ကြောင်း ထင်ကြေးပေးမှုများထွက်ပေါ်နေ၏။ ဆန္ဒပြသူအမျိုးသမီးနှင့် ကလေးနှစ်ဦးအား ရဲမှ ခေါ်သွားပြီး ၂ ရက်အကြာတွင် ပြန်လွှတ်လိုက်ကြောင်း နေပြည်တော်ပိတောက်မြေ အသံလွှင့်ဌာနမှ ကြေညာခဲ့၏။

**ဂျွန် ၈ ၊ DVB ။ ။** ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး အင်းစိန်ထောင်ရှေ့ဆန္ဒပြ၍အဖမ်းခံရသူ ဦးဇော်ညွှန့်ကျန်းမာရေးချို့တဲ့နေ၍ မိသာစုမှစိုးရိမ်နေကြောင်း။

**ဂျွန် ၈ ၊ DVB ။ ။** နအဖနှင့်ဒီကေဘီအေတပ်များ၏ ထိုးစစ်ဆင်မှုကြောင့် ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ် ၁၀ ရွာကျော်မှ လူ ၃၅၀၀ ခန့်ထိုင်းဘက်သို့ထွက်ပြေးခဲ့၏။

**ဂျွန် ၉ ၊ AP ။ ။** တောင်ကြီးမှ တရားရုံးချုပ်ရှေ့နေ ဒေါ်ခင်မိုးမိုးအား တရားခံပြသက်သေအဖြစ် တရားရုံးမှ ယနေ့လက်ခံလိုက်ကြောင်း။

**ဂျွန် ၉ ၊ DVB ။ ။** မိမိအားတရားစွဲသော်လည်း လုံခြုံရေးတာဝန်ခံများအား မစွဲဆိုခြင်းသည် ဘက်လိုက်မှုတခုဟု ဒေါ်အောင်ဆန်းစုကြည်မှ ဆို၏။

**ဂျွန် ၉ ၊ DVB ။ ။** ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး တွံတေးတွင်လုပ်ရန်NLD နှင့်ထောက်ခံသူများသည် ရွှေသာလျောင်းနှင့် ရွှေဆံတော်စေတီတို့တွင် ဆုတောင်းကြောင်း၊ လူထုလက်သို့လည်း သပြေပန်းများကမ်း၍ မိမိအိမ်တွင် ဆုတောင်းကြရန် ပေးခဲ့ကြောင်း ကိုဇော်မင်းမှဆိုကြောင်း။

**ဂျွန် ၉ ၊ RFA ။ ။** ဒေါ်အောင်ဆန်းစုကြည်ဘက်မှ တင်ပြမည့် သက်သေနောက် ၃ ဦးအနက် ဒေါ်ခင်မိုးမိုးကိုလက်ခံကာ ဦးတင်ဦးနှင့် ဦးဝင်းတင်တို့အား ပယ်ချခဲ့ကြောင်း။

**ဂျွန် ၉ ၊ RFA ။ ။** ဘိုကလေးမြို့နယ်တွင် ဦးတေဇ၏ ထူးကုမ္ပဏီမှ လယ်သမားများသို့ အတိုးနှုန်းဖြင့် ငွေချေးငှားမည်။

**ဂျွန် ၉ ၊ RFA ။ ။** အနောက်တိုင်း၏ မြန်မာအပေါ် ပိတ်ပင်မှုသည် ပြည်သူကိုသာထိခိုက်ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဟာဆန် ဝီရယုဒ၏အဆိုကို AIPMC ခေါ် အာဆီယံတွင်း မြန်မာ့အရေးပါလီမန်လွှတ်တော်အမတ်များအဖွဲ့မှ ကန့်ကွက်၏။

**ဂျွန် ၉ ၊ DVB ။ ။** ဒေါ်အောင်ဆန်းစုကြည်၏ မတူပီခရီးစဉ်တွင် လုံခြုံရေးတာဝန်ယူခဲ့သူ နိုင်ငံရေးအကျဉ်းသား ချင်းတိုင်းရင်းသား စလိုင်းလှမိုး(၄၈နှစ်)သည် မြင်းခြံထောင်တွင် မေ ၁၄ တွင် သေဆုံးခဲ့သော်လည်း၊ သဂြိုဟ်အပြီး ဆွေမျိုးများအား မေးမှသေဆုံးခဲ့ကြောင်းပြော၏။

**ဂျွန် ၉ ၊ DVB ။ ။** မိမိအား အကျယ်ချုပ်ချခြင်းနှင့် အမှုစွဲဆိုခြင်း ၂ ခုလုံးသည် နိုင်ငံရေးအရဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်မှဆို၏။

**ဂျွန် ၉ ၊ DVB ။ ။** တရားပွဲများကို တားမြစ်ပိတ်ပင်မှုများသည် သံသနာကိုထိခိုက်၍ သာသနာ့နာယကအဖွဲ့သို့မြို့နယ် ၂၀ ကျော်မှ သံဃာများ စုပေါင်းလက်မှတ်ထိုး လျှောက်ထားနေ၏။ လူထုအားတရားပွဲ မလုပ်ရန်တားခြင်းသည် နအဖ၏ ယုတ်ညံ့သူများဟုမြင်ကြောင်း သောတရှင်တဦးမှ ဒီဗွီဘီသို့ဆို၏။

**ဂျွန် ၉ ၊ DVB ။ ။** မော်လမြိုင်တွင် မြောင်းများပိတ်နေပြီး မိုးများ၍ မကြုံစဖူး မြို့တွင်းရေကြီးရေလျှံမှုများဖြစ်နေကြောင်း။

**ဂျွန် ၁၀ ၊ RFA ။ ။** ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး ပို့စကာဒ်ထုတ်ဝေသူ၏ အမည်ဖော်နိုင်သူအား ဆုငွေ ၅ သောင်းပေးမည်ဟု ရွှေပြည်သာကွန်ပြူတာကျောင်းအုပ် ဒေါ်နီလာသိန်းမှ ဂျွန် ၉ တွင် ဆုငွေထုတ်ခဲ့ကြောင်း။

**ဂျွန် ၁၀ ၊ RFA ။ ။** ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ CRPP သည် ဒေါ်အောင်ဆန်းစုကြည်အမှုအဓိကထား၍ ယနေ့ဆွေးနွေးပွဲ ကျင်းပခဲ့၏။

**ဂျွန် ၁၀ ၊ GENEVA ။ ။** မြန်မာတွင် လွတ်လပ်စွာသင်းပင်းဖွဲ့ စည်းခွင့်ပိတ်ပင်ထားမှုကို ရုတ်သိမ်းရန် ဂျနီဗာ ILO အစည်းအဝေးမှ ပဏာမအားဖြင့် ဆုံးဖြတ်ခဲ့၏။

**ဂျွန် ၁၀ ၊ Straight Times ။ ။** ၂၀၁၀ ရွေးကောက်ပွဲသည် လွတ်လပ်မျှတရေးအာမခံရန် နအဖအား စင်္ကာပူဝန်ကြီးချုပ်ဟောင်း ဂိုချုပ်တောင်မှတိုက်တွန်း၏။

**ဂျွန် ၁၁ ၊ DVB ။ ။** ဒေါ်အောင်ဆန်းစုကြည်ဘက်မှ အမှုလိုက်ရှေ့နေဦး(လှမျိုးမြင့်) ၏ဇနီးအား အစိုးရအလုပ်မှ ရုတ်တရက်ဖြုတ်ခဲ့ကြောင်း။

**ဂျွန် ၁၁ ၊ DVB ။ ။** မိမိ၏ရှေ့နေဦးလှမျိုးမြင့်၏ဇနီး အလုပ်ထုတ်ခံရခြင်းသည် တိုင်းပြည်တွင် ဥပဒေစိုးမိုးရေးမရှိကြောင်းပြသခြင်းဟု ဒေါ်အောင်ဆန်းစုကြည်မှ ဆို၏။

**ဂျွန် ၁၁ ၊ RFA ။ ။** သမိုင်းသွေးစွန်နေ့မှုများမမေ့ရန် စစ်အာဏာရှင်တိုက်ဖျက်ရေးတပ်ဦးခေါ် လူငယ်အဖွဲ့သည် ယနေ့ရန်ကုန်တိုင်းမြို့နယ်များတွင် ဗီစီဒီများဖြန့်ဝေခဲ့၏။

**ဂျွန် ၁၁ ၊ RFA ။ ။** ဒေါ်အောင်ဆန်းစုကြည်အတွက် သက်သေ ၄ ဦးအနက် ဦးတင်ဦးနှင့် ဦးဝင်းတင်တို့ကို တရားရုံးမှ ပယ်ချခဲ့၍ ပြင်ဆင်မှုလျှောက်လွဲချက်ပေးရန် ၁၇ ရက်နေ့သို့ချိန်းထားကြောင်း။ လက်ခံထားသော သက်သေနှစ်ဦးသည် ရှေ့နေဦးကြည်ဝင်း(လပွတ္တာ)နှင့် ဒေါ်ခင်မိုးမိုး(တောင်ကြီး)တို့ဖြစ်ကြ၏။

**ဂျွန် ၁၂ ၊ AAPP ။ ။** ဦးစောနိုင်နိုင်အပါအဝင် အင်းစိန်ထောင်တွင် နစ်ရှည်နိုင်ငံရေးအကျဉ်းကျ ၅ ဦးသည် တိုက်ပိတ်ခံနေရသည်မှာ တလကျော်ပြီဖြစ်ကြောင်း။

**ဂျွန် ၁၂ ၊ DVB ။ ။** ဒေါ်အောင်ဆန်းစုကြည်၏ ဓါတ်ပုံများဖြန့်ဝေခြင်းလှုပ်ရှားမှုအောင်မြင်နေကြောင်း၊ လူများအလုအရက် လိုလိုချင်ချင်တောင်းယူနေကြောင်း။

**ဂျွန် ၁၂ ၊ RFA ။ ။** မိမိသည် ဒေါ်စုနေအိမ်ခြံသို့ ရေလမ်းမှ ကူးဝင်မှုအတွက် နောင်တမရကြောင်း ဝီလီယံယက်တောမှ ပြောဆိုကြောင်း သူ၏ရှေ့နေမှ ဆို၏။

**ဂျွန် ၁၂ ၊ RFA ။ ။** ဒေါ်အောင်ဆန်းစုကြည်၏ အမှုတွင် သက်သေရှေ့နေ ဒေါ်ခင်မိုးမိုးအား ဂျွန် ၂၆ တွင် သက်သေထွက်ရန် ယနေ့ရက်ချိန်းပေးလိုက်ကြောင်း။

**ဂျွန် ၁၂ ၊ RFA ။ ။** စင်္ကာပူ၏ မြန်မာတွင် ရင်းနှီးမြှုပ်နှံမှုသစ်များသည် မြန်မာ၏ ဒီမိုကရေစီရေး တိုးတက်မှုနှင့်ဆက်စပ်နေကြောင်း စင်္ကာပူ ဝန်ကြီးချုပ်မှ မြန်မာတွင် ရောက်ရှိစဉ်ဆိုခဲ့ကြောင်း စင်္ကာပူသတင်းများမှဆို၏။

**ဂျွန် ၁၂ ၊ RFA ။ ။** သတင်းမမှန်၍ နေပြည်တော်၏ မိုးလေဝသတင်းကို ပြည်သူများမှ ယုံကြည်မှု မရှိကြောင်း

**ဂျွန် ၁၂ ၊ RFA ။ ။** ကချင်တပ်သည် နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရေးမှုအားဖြင့်လက်ခံခဲ့သော်လည်း မြန်မာနိုင်ငံအေးချမ်းမှုအတည်ဖြစ်မည်ဟု KIO မှဆို၏။

**ဂျွန် ၁၂ ၊ RFA ။ ။** ပုဇွန်တောင် ပြဟ္မဝိဟာရကျောင်းတိုက်၏ ပညာဒါနအခမဲ့နိုင်ငံခြားဘာသာသင်တန်းကျောင်းအား အာဏာပိုင်များမှ ပိတ်ခိုင်းခဲ့ကြောင်း။

# ငြိမ်းချမ်းရေးထက် စစ်ရေးသာလိုလားကြောင်း နအဖလုပ်ရပ်များက သက်သေပြ

**DVB | ဇွန် ၉။** ။ တွေ့ဆုံဆွေးနွေးဖို့ ကမ်းလှမ်းတဲ့ နအဖ စစ်အုပ်စုဟာ ထိုးစစ်ဆင်နေတာကြောင့် ငြိမ်းချမ်းရေးကို မလိုလားတာ သက်သေထင်ရှားပြသနေတယ်လို့ KNU ကရင်အမျိုးသားအစည်းအရုံးက ပြစ်တင်ဝေဖန် လိုက်ပါတယ်။

နအဖ စစ်အုပ်စုက ထိုင်း–မြန်မာနယ်စပ်တလျှောက်ရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ပဋိပက္ခကို ငြိမ်းချမ်းတဲ့နည်းဖြင့် ဖြေရှင်းဖို့အတွက် ထိုင်းအစိုးရကတဆင့် ဒီနှစ်ဆန်း ပိုင်းမှာ ကမ်းလှမ်းချဉ်း ကပ်ခဲ့ပါတယ်။ KNU ကလည်း တန်းတူညီမျှမှုနဲ့ အပြန်အလှန်လေးစားမှုပေါ် အခြေခံပြီး ပြဿနာတွေကို နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး ဖြေရှင်းလိုတဲ့ဆန္ဒ ပြင်းပြတယ်လို့ ထိုင်းအစိုးရကတဆင့် အကြောင်းပြန်လိုက်ပါတယ်။ ဒီလို ကမ်းလှမ်းပြီးကာမှ ထိုးစစ်ဆင်လာတာဟာ နအဖဘက်က ပြဿနာတွေကို ငြိမ်းချမ်းတဲ့နည်းနဲ့ မဖြေရှင်းဘဲ စစ်ရေးနဲ့ပဲ ဖြေရှင်းချင်တာထင်ရှားနေတယ်လို့ KNU က ထုတ်ဖော်ပြောကြားလိုက်တာပါ။ ဒါကြောင့်နအဖကို ဆက်လက် တွန်းအားပေးသွားရမှာပဲလို့ KNU ဒုဥက္ကဋ္ဌ ပဒိုဒေးဗစ်သာ့ကပေါ်က ပြောကြားပါတယ်။

“ကျနော်တို့ကို အခုလိုထိုးစစ်ဆင်လာတာဟာ မကောင်းတဲ့လက္ခဏာပဲ။ ပြဿနာတွေကို ငြိမ်းချမ်းတဲ့နည်းနဲ့ မဖြေရှင်းချင်ဘူး … စစ်ရေးအရပဲ၊ ဖြေရှင်းချင်တဲ့သဘောထင်ရှားပါတယ်၊ ပြည်တွင်းစစ်ဟာ နိုင်ငံရေးပြဿနာသာဖြစ်တယ်။ အဲဒါ နိုင်ငံရေးနည်းနဲ့ တွေ့ဆုံဆွေးနွေးဖြေရှင်းရမယ်ဆိုတာ ကျနော်တို့ တောက်လျှောက်ပြောလာခဲ့တယ်။ နအဖအနေနဲ့ မရိုးသားဘူးဆိုတာကို ထင်ရှားတာပေါ့။ အဲ့ဒါကို ကျနော်တို့ ဆက်လက်တွန်းအားပေးရမယ်ဆိုတဲ့ အခြေအနေမှာရှိပါတယ်။”

ဒီလဆန်းပိုင်းမှာ စတင်တဲ့ နအဖထိုးစစ်ကြောင့် ပြည်သူ ၃,၅၀၀ လောက် ထိုင်းနိုင်ငံဘက်ကို ထွက်ပြေးခိုလှုံသွားပါတယ်။ နအဖနဲ့ ပူးပေါင်းသွားတဲ့ ကရင်အဖွဲ့ဖြစ်တဲ့ ဒီကေဘီအေနဲ့ နီးစပ်တဲ့သူတယောက်ကတော့ အဲဒီ ထွက်ပြေးတိမ်းရှောင်နေတဲ့ ရွာသားတွေဟာ KNU ကို ထောက်ခံတဲ့သူတွေ ဖြစ်တဲ့အတွက် ထိုးစစ်ဆင်တာပဲလို့ ပြောပါတယ်။

“ဟိုဘက်က ပြောလို့ရှိရင် ကရင်ရွာသားလို့ ပြောတာတော့မှန်တယ်၊ ဒါပေမယ့်သူတို့ဘက်က KNU အဖွဲ့အစည်းထဲကလူတွေပဲ KNU တိုက်ရင် သူတို့လည်းပါတယ်။ အဲဒီလို အယူအဆတွေ ရှိတယ်လေ။ ဒါကြောင့် ဒီရွာသားတွေကို KNU လို့ပဲ သတ်မှတ်ထားတယ်လေ။”

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်ထဲက ထွက်ပြေးလာသူတွေကတော့ နယ်ခြားစောင့်တပ်ဖွဲ့ဖို့ နအဖနဲ့သဘောတူထားတဲ့ ဒီကေဘီအေက ဒေသခံတွေကို စစ်တပ်ထဲ အဓမ္မဝင်ခိုင်းနေတာမို့ ထိုင်းနယ်စပ်ဘက်ကို တိမ်းရှောင်လာရတာလို့ပြောကြပါတယ်။ စားဝတ်နေရေး၊ ကျန်းမာရေး အခက်ခဲတွေကြုံတွေ့နေရတဲ့ ဒီစစ်ပြေးဒုက္ခသည်တွေကို ကူညီဖို့ ပြည်တွင်းပြည်ပက ကရင်အဖွဲ့အစည်းတွေနဲ့ နိုင်ငံတကာ အန်ဂျီအိုတွေကို KNU က မေတ္တာရပ်ခံပါတယ်။ မြန်မာနိုင်ငံမှာ တိုင်းရင်းသားတွေပါဝင်တဲ့ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး ဖြစ်လာဖို့အတွက် နအဖစစ်အုပ်စုကို ဖိအားပေးပါလို့လည်း ကုလသမဂ္ဂ၊ နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ အိမ်နီးချင်းနိုင်ငံတွေကိုလည်း KNU က မေတ္တာရပ်ခံလိုက်ပါတယ်။

# မြန်မာနိုင်ငံ တနံ့တလျှားမှာ ရေဒီယိုတွေ အရောင်းသွက်နေ

**RFA | ဇွန် ၈။** ။ လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးပြီး တရားစွဲဆိုတာတွေစလုပ်တဲ့အချိန်ကစလို့ ဒီသတင်းအပြည့်အစုံကို ပြင်ပမီဒီယာတွေကနေ ထုတ်လွှင့်ပေးနေတာကြောင့် ရေဒီယိုကိုဘဲအားကိုးပြီး သတင်းနားထောင်နေရတဲ့ မြန်မာပြည်သူတွေဟာ ရေဒီယိုတွေကိုအပြေးအလွှား ဝယ်ကြတာကြောင့် ရေဒီယိုတွေအရောင်းသွက်ခဲ့ပါတယ်။

ဒီလိုနိုင်ငံနဲ့တဝန်း ပြည်သူတွေ ရေဒီယိုကိုစိတ်ဝင်စားနေချိန်မှာ ဆက်သွယ်ရေးစာတိုက်နဲ့ ကြေးနန်းဝန်ကြီးဌာနက ရေဒီယိုအခွန်မဆောင်ရင် အရေးယူနိုင်တယ်ဆိုတဲ့ ထုတ်ပြန်ချက်ထွက်ပေါ်လာပါတယ်။ ရေဒီယိုအခွန် ဘယ်လောက်ဆောင်ရမှာလဲ၊ ဘယ်လိုရေဒီယိုအမျိုးအစားတွေဆောင်ရမလဲ၊ မဆောင်ရင်ဘယ်လိုအရေးယူမလဲ ဆိုတာတွေသိနိုင်ဘို့ RFA က ရန်ကုန်စာတိုက်ကြီးကို မေးမြန်းကြည့်တော့ တာဝန်ရှိသူတဦးကအခုလိုပြောပါတယ်။

“ဘယ်လိုဆောင်ရမလဲဆို စာတိုက်မှာသူ့ရဲ့ပုံစံလေးရှိလိမ့်မယ်၊ သူ့ရဲ့အဲဒီပုံစံလေးဖြည့်ပြီး သူတို့ရဲ့ကျသင့်ငွေလေး ဘယ်လောက်မှပိုက်ဆံမရှိပါဘူး ကျသင့်ငွေလေးပေးလိုက်ရုံဘဲ။ သူတို့ရဲ့စက်နံပါတ်တွေ ဘာတွေ ကူးသွားလိုက်ပေါ့။ အိတ်ဆောင်ကအခုမှပေါ်လာတာဆိုတော့ ကျမတို့မသိသေးဘူး။ စာတွေမလာသေးတော့မသိသေးဘူး။ စာလာမှဘဲပြောလို့ရမယ်။ ဟိုအရင်ကတော့ ရေဒီယိုတွေလာလုပ်ကြတာပေါ့။ မလုပ်တဲ့လူတော်တော်များများရှိပါတယ်။ လုပ်တဲ့လူကနည်းပါတယ်။ ကျမတို့ဆီမှာ ဘာမှအမိန့်ချတဲ့စာမလာသေးတော့ မသိသေးဘူး။ စာလည်းမဝင်တော့ မသိသေးဘူး။”

ဝါရင့်နိုင်ငံရေးသမားကြီးလည်းဖြစ် အင်္ဂလိပ်ခေတ်၊ မဆလခေတ်၊ နဝတခေတ်တွေကို ဖြတ်သန်းခဲ့ဘူးတဲ့ သခင်ချန်ထွန်းကတော့ ရေဒီယိုအခွန်ကို မဆလခေတ်ဦးတုန်းက တနှစ် ၁၀ ဆောင်ခဲ့ရပေမယ့် နောက်ပိုင်းမဆောင်တော့တာနဲ့ပတ်သက်ပြီး သူ့ရဲ့သဘောထားကိုအခုလိုပြောပါတယ်။

“ရေဒီယိုတွေကတော့ နိုင်ငံခြားသတင်းတွေကိုနားထောင်တယ်ဆိုပြီး ရေဒီယိုတွေကို အန္တရာယ်ရှာမယ်ဆိုပြီး သတင်းတွေကဖြစ်နေတယ်။ ရေဒီယိုတွေကိုနား မထောင်အောင်လုပ်တဲ့သဘောမျိုးဖြစ်နိုင်တာပေါ့။ ရေဒီယိုလိုင်စင်တွေကအစက တည်းက လူတွေကနှစ်စဉ်ဆောင်ကြပါတယ်။ သူတို့ကလက်မခံလို့ခုမှတခါပြန် ကြေညာသလားမပြောတတ်ဘူး။ သူတို့အခွန်တော်လက်ခံရင်တော့ လူတွေကအာ ခွန်တော်ဆောင်ဘို့ ဝန်မလေးကြပါဘူး။ သွားဆောင်တော့လည်း ဟိုကမပေးသေး ဘူး။ အမိန့်မလာသေးဘူးဆိုပြီး စာတိုက်ကပြောလွှတ်တာဘဲ။”

သူဟာ ရေဒီယိုစွဲစွဲမြဲမြဲနားထောင်သူလည်းဖြစ်ပါတယ်။ မြန်မာသတင်းသမဂ္ဂဒုဥက္ကဋ္ဌဦးဇင်လင်းကတော့ နိုင်ငံတကာမှာ ရေဒီယိုလိုင်စင်ဆောင်ရတာမရှိတဲ့အတွက် ဒီလုပ်ရပ်က ပြည်ပအသံလွှင့်ဌာနတွေက ထုတ်လွှင့်တာတွေကို တားဆီးချင်တဲ့ ပထမခြေလှမ်းပါဘဲလို့ ဝေဖန်ပါတယ်။

“ဥပဒေအရဆိုတာက မူလကရှိတော့ရှိတယ်၊ ကိုယ့်လက်ထဲမှာရေဒီယိုရှိတယ်ဆိုရင် ပိုင်ဆိုင်ကြောင်းနဲ့ရေဒီယိုရဲ့အမျိုးအမည် ဘာညာစာတိုက်ကြေးနန်းမှာသွားပြီး မှတ်ပုံတင်ရတာမျိုးရှိတယ်။ ဟိုတုန်းကတော့ အဓိက က အခွန်ငွေရဘို့အတွက်လုပ်တာဘဲ။ အဲဒီတုန်းက ရေဒီယိုဆိုတာက မီးသီးနဲ့ရေဒီယိုအကြီးကြီးတွေ၊ ဒီလိုရေဒီယိုအသေးလေးတွေ ထရန်စစ်စတာရေဒီယိုတော့ အဲလိုရယ်ဂျစ်စတာလုပ်ရတာတော့ ရှိ မရှိမသေချာဘူး။ ဒါပေမယ့် မလုပ်ကြပါဘူး။ ခေတ်မီတိုးတက်တဲ့နိုင်ငံတွေမှာတော့ ဒီလိုလိုင်စင်လုပ်ရတာတွေမရှိတော့ပါဘူး။ အဓိက ကတော့ ကျနော်မြင်တာကတော့ နိုင်ငံတကာကနေ သတင်းစီးကြောင်း စီးဆင်းနေတာကို သူတို့အနေနဲ့ဟန့်တားချင်တဲ့အတွက် ဒီလိုအစပျိုးလိုက်တာဖြစ်နိုင်တယ်။”

မြန်မာသတင်းသမဂ္ဂဒုဥက္ကဋ္ဌဦးဇင်လင်းသုံးသပ်သွားတာပါ။ အလားတူ မနှစ်တုန်းကလည်း ပြည်ပကနေထုတ်လွှင့်တဲ့ရုပ်မြင်သံကြားလိုင်းတွေကို မြန်မာပြည်သူတွေကြည့်ရှုနေတာများလာတဲ့အတွက် ဂြိုလ်တုဖမ်းတဲ့စလောင်းတချပ်ကို ၅ သိန်းဆောင်ရမယ်။ ၁၀ သိန်းဆောင်ရမယ်ဆိုတဲ့သတင်းတွေ ထွက်ခဲ့ပေမယ့် မထိန်းချုပ်နိုင်ဘဲ ပြည်သူလူထုကတော့ ကြည့်မြဲနားထောင်မြဲဘဲဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။



## ရွေးကောက်ပွဲကိုစောင့်ဦးမယ်

စက်ာပူအကြီးတန်းဝန်ကြီး ဂိုချုပ်တောင် မြန်မာပြည်ကို ၄ ရက်ကြာသွားပြီး စစ်ခေါင်းဆောင်တွေနဲ့တွေ့ဆုံခဲ့ပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲပြီးလို့ ဒီမိုကရေစီအရိပ်အယောင်ကြည်လင်ပြတ်သားစွာမြင်ရတဲ့အထိ စီးပွားရေးသမားတွေက သူတို့ရဲ့ငွေကြေးရင်းနှီးမြှုပ်နှံမှုတွေကို စောင့်ဆိုင်းဖို့ရာရှိတယ်လို့ဆိုပါတယ်။ ဒေါ်စုကို ရုံးတင်စစ်ဆေးဖို့လုပ်တဲ့အတွက် စက်ာပူဟာ အတော်လေးစိတ်ပျက်အားလျော့သွားတယ်လို့ စစ်ခေါင်းဆောင်တွေကို ပြောခဲ့တယ်လို့ သိရပါတယ်။ **(AP, 12.6.2009)**

## ဦးဝင်းတင် တရားစွဲခံရ

ဦးဝင်းတင်ရဲ့ ထောင်အင်္ကျီကို နိုင်ငံတော်ပိုင်ပစ္စည်းဆိုပြီး နအဖက ပြန်တောင်းပါတယ်။ အဲဒီ အင်္ကျီမဝတ်ဖို့လည်း အကြိမ်ကြိမ်တားတယ်လို့ဆိုပါတယ်၊ ဒါပေမယ့်ဦးဝင်းတင်က ပြန်မပေးပဲ ဝတ်နေတာကြောင့် ပစ်မှုဆိုင်ရာ ရာဇဝတ်ကြီးအမှတ် ၁၃၄၆/၀၉ နဲ့မနေ့က တရားစွဲလိုက်ပါတယ်။ ဒါကို ဦးဝင်းတင် မသိသေးဟုဆို၏။ **(VOB,13.6.2009)**

## စီရင်ချက်နှင့်ပြစ်ဒဏ်

အီးယူအဖွဲ့ဝင်နိုင်ငံတွေက ဒေါ်အောင်ဆန်းစုကြည်အပေါ် စစ်အာဏာရှင်တွေက စီရင်ချက်ချမှတ်တဲ့အထိ မြန်မာပြည်အပေါ် ပြစ်ဒဏ်ခတ်အရေးယူမှုတွေကို တိုးမြှင့်ဖို့လုပ်ဖို့ရာစဉ်းစားနေကြတယ်လို့သိရပါတယ်။ တချို့နိုင်ငံတွေက အခု ချက်ချင်းလုပ်ဆောင်လိုပြီး တချို့နိုင်ငံတွေက စီရင်ချက်ကျတဲ့အထိစောင့်လိုကြပါတယ်။ အီးယူအရာရှိတဦးက ပြစ်ဒဏ်ခတ်အရေးယူဖို့ကိုတော့ ပြတ်ပြတ်သားသားလုပ်မှာပါလို့ဆိုပါတယ်။ **(AFP, 12.6.2009)**

## ကိုးကန့်နဲ့နအဖတို့ဆက်ဆံရေး

နအဖဟာ ၂၀၁၀ ရွေးကောက်ပွဲမှာ တိုင်းရင်းသားလူမျိုးစုတွေ အားလုံးပါဝင် လာရေးကို အထူးကြိုးပမ်းနေပါတယ်၊ ဒါမှ နိုင်ငံတကာကိုပြသတဲ့အခါမျက်နှာ ပန်းလှမှာဖြစ်ပါတယ်။ ဒါကြောင့် အပစ်အခတ်ရပ်စဲထားတဲ့ တိုင်းရင်းသားအဖွဲ့ တွေကို ဖိအားတွေပေး၊ ဆွဲဆောင်မှုတွေလုပ်၊ နားချမှုတွေလုပ်နေပါတယ်။ အဲဒီ အထဲက ကိုးကန့်အုပ်စုဖြစ်တဲ့ ဖုန်ကြားရှင်ဦးဆောင်တဲ့အဖွဲ့ကတော့ အခုလက်ရှိအတိုင်းပဲ လက်နက်မစွန့်ပဲနေဖို့ဆိုတဲ့ရပ်တည်ချက်ကို ခိုင်ခိုင်မာမာစွဲကိုင်ထားနေပါတယ်၊ ဒါက နအဖအပေါ် မယုံကြည်ဘူးဆိုတာကို ပြသနေပါတယ်။ **(MIZZIMA, 8.6.2009)**

## နုတ်ပိတ်မနေကြနဲ့

အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးက တရုတ်နဲ့ အိန္ဒိယတို့ကို ဒေါ်စုကို ဖမ်းဆီးထောင်ချဖို့ကြိုးစားတဲ့ နအဖအပေါ် နိုင်ငံတကာက ဒေါသထွက်အပြစ်တင်နေကြတဲ့အချိန်မှာ တရုတ်နဲ့ အိန္ဒိယတို့ နုတ်ပိတ်မနေကြဖို့ပြောဆိုလိုက်ပါတယ်၊ **(JAKATA POST, 12.6.2009)**

## ကုလကျောင်း

ယူနီဆက်ဖ် က မုန်တိုင်းသင့်ခံရတဲ့ဒေသတချို့မှာ စာသင်ကျောင်း ၃၇ ကျောင်း ဆောက်လုပ်မယ်လို့ သိရပါတယ်၊ သဘာဝဒဏ် ကောင်းကောင်းခံနိုင်တဲ့ကျောင်းတွေလို့လည်းဆိုပါတယ်။ ကုလသမဂ္ဂက ပညာရေးဘက်မှာ ပံ့ပိုးကူညီမှုတွေ ပိုမိုပေးဖို့ တိုက်တွန်းလျက်ရှိပါတယ်။ **(XINHUA, 9.6.2009)**

## အပိန့်နာခံရန်အသင့်

နအဖဒုတိယအကြီးအကဲ ဗိုလ်ချုပ်ကြီးမောင်အေးဟာ တရုတ်ပြည်ကို ဇွန် ၁၅ ရက်နေ့ကနေ ၂၀ ရက်နေ့အထိ သွားရောက်မယ်လို့သိရပါတယ်။ ဒီတခါတော့ ကိုယ့်ဘက်ကသွားဖို့လုပ်တာမဟုတ်ပါဘူး၊ တရုတ်ဒုတိယသမ္မတ စီကျင်ပင်ကဖိတ်ကြားတယ်လို့ တရုတ်နိုင်ငံခြားရေးဌာနကကြေညာပါတယ်၊ ဒေါ်စုကိစ္စကို နအဖက မှားယွင်းစွာနဲ့ကိုင်တွယ်ခဲ့တဲ့ နိုင်ငံတကာဖိအား မထင်မှတ်ပဲ တိုးလာလို့ ရှေ့ဆက်ဖို့အခက်ကြုံနေရပါတယ်။ **(XINHUA, VOB, 11.6.2009)**

## အိမ်မပြန်နိုင်သူများ

မကြာသေးတဲ့သီတင်းပတ်အတွင်းက စစ်အုပ်စုနဲ့ ဒီကေဘီအေတို့ပေါင်းပြီး ကေအဲန်ယူနယ်မြေထဲကို ထိုးစစ်ဆင်တိုက်ခိုက်တဲ့အတွက် ကရင်တိုင်းရင်းသားပြည်သူတွေဟာ နေအိမ်တွေကိုစွန့်ခွာထွက်ပြေးခဲ့ရပြီး ထိုင်းနယ်စပ်နားက ဒုက္ခသည်စခန်းတွေမှာ ခိုလှုံနေရတာ ၃၀၀၀ ကျော်ရှိလာပြီလို့ သိရပါတယ်၊ **(BBC, 11.6.2009)**

## ရွှေမန်းလည်းတရုတ်ပြည်သွား

နအဖရဲ့ နံပတ်သုံးအဆင့်ရှိတဲ့ ဗိုလ်ချုပ်ရွှေမန်းဟာ တရုတ်ပြည်ကိုသွားရောက်ခဲ့တယ်လို့ သိရပါတယ်၊ စင်္ကာပူဝန်ကြီးချုပ်ဟောင်း ဂိုချုပ်တောင် မြန်မာပြည်ရောက်နေချိန်မှာ ရွှေမန်းဟာ တရုတ်ပြည်ရောက်နေခဲ့တာပါ၊ နအဖအပေါ် နိုင်ငံတကာဖိအားပြင်းပြင်းထန်ထန်ကျနေချိန်မှာ တရုတ်ရဲ့ကူညီအားပေးမှုကို ရဖို့လုပ်တာဖြစ်ပါတယ်။ နအဖရဲ့ တရုတ်အားကိုး လုပ်ရပ်ကို အဖေကျော် ပေါက်ဖော်လွှမ်းတာလို့ ပြောဆိုနေကြပါတယ်။ **(IRRAWADDY, VOB, 9.6.2009)**

## ကိုဘေးမှ နာဂစ်သို့

ကိုဘေးလျောင်လို့လူသိများတဲ့ ၁၉၉၅ခုနှစ် ဟန်ရှင်း–အာဝါးဂျီလျောင်ဘေးသင့်ခဲ့ရသူများက နာဂစ်မုန်တိုင်းဘေးသင့်သူများအတွက် ဒေါ်လာ ၂ သိန်း လှူဒါန်းခဲ့တယ်လို့ သိရပါတယ်။ အလှူငွေကို IOM လို့ခေါ်တဲ့ နိုင်ငံတကာ NGO အဖွဲ့က လူနေအိမ်များ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာသုံးစွဲမှာဖြစ်ပါတယ်။ **(IOM,9.6.2009)**

# နယ်ဝေးထောင်မှ ၈၈ မျိုးဆက် ကျောင်းသားများ ကျန်းမာရေးအခြေအနေမကောင်း

**DVB l ဂျွန် ၁၀ ။ ။** ထောင်နှစ်ရှည် စီရင်ချက်ချရပြီး မိသားစုတွေနဲ့ဝေးတဲ့ နယ်ထောင်တွေကို အပို့ခံထားရတဲ့ ၈၈ မျိုးဆက်ကျောင်းသားတချို့ ကျန်းမာရေးမကောင်းကြဘူးလို့ မိသားစုဝင်တွေက ပြောပါတယ်။

အထူးသဖြင့် ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုမြအေးနဲ့ ကိုဌေးကြွယ်တို့ ၄ ဦး ကျန်းမာရေး ဆိုးရွားနေပြီး လုံလောက်တဲ့ ဆေးဝါးကုသမှုလည်း မရကြဘူးလို့ သိရပါတယ်။ သူတို့ ၄ ဦးရဲ့ ကျန်းမာရေးအခြေအနေနဲ့ပတ်သက်ပြီး ထောင်ဝင်စာတွေ့ ပြန်လာတဲ့ မိသားစုဝင်တွေရဲ့ ပြောပြချက်အရ သိရတဲ့အကြောင်းကို လန်ဒန်မြို့မှာရောက်ရှိနေတဲ့ ကိုမြအေးရဲ့သမီး မဝေနှင်းပွင့်သုန်က ပြောပါတယ်။

"နောက်ဆုံးသတင်းကြားတာက ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေထဲမှာ ဦးမင်းကိုနိုင်ဆိုရင် ဇက်ကြီးပေါင်းတက်တဲ့ရောဂါ၊ သွေးတိုးရောဂါနဲ့ ဖြစ်နေတယ်။"ဦးကိုကိုကြီးဆိုရင် ထောင်ထဲမှာဆေးစစ်တော့ အသည်းရောင်အသားဝါ ဘီပိုးရှာတွေ့ပြီး အစာအိမ်ရောဂါလည်း အရမ်းဖိစီးနေတယ်လို့ကြားရတယ်။ သမီးအဖေ ဦးမြအေးဆိုရင် နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နေပြီး စိတ်ဖိစီးမှုဒဏ်တွေ အရမ်းရနေတယ်လို့ ကြားတယ်။ ဦးဌေးကြွယ်ဆိုရင် ဘူးသီးတောင်ထောင်မှာ သူ့ကို ပေးထားတဲ့ထောင်အခန်းက အရမ်းဆိုးရွားတယ်။ မီးဆိုတာလုံးဝမရှိဘူးတဲ့။ အရမ်းဆိုးရွားတဲ့ဒဏ်တွေ ခံစားနေရတယ်လို့ သမီးတို့ နောက်ဆုံးသတင်း ကြားရတယ်။"

ကျန်းမာရေးမကောင်းဖြစ်နေတဲ့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေကို ထောင်အာဏာပိုင်တွေက ဆရာဝန်နဲ့ပြ ဆေးစစ်ပေးတာလောက်ပဲ လုပ်ပေးပြီး ဆေးကုပေးတာမျိုးမရှိဘူးလို့လည်း မဝေနှင်းပွင့်သုန်ကပြောပါတယ်။ လွိုင်ကော်ထောင်မှာရှိတဲ့ ဖခင်ဖြစ်သူ ကိုမြအေးဟာ နှလုံးရောဂါ အပြင်းအထန် ခံစားနေရပေမယ့် ဆရာဝန်နဲ့ စနစ်တကျဆေးကုပေးဖို့ တောင်းဆိုတာကို ထောင်အာဏာပိုင်တွေက ဆောင်ရွက်ပေးခြင်း မရှိတာကြောင့် ထောင်ဆရာဝန်မရှိတဲ့ လွိုင်ကော်ထောင်က ဖခင်အတွက် အထူးစိုးရိမ်နေရတယ်လို့ မဝေနှင်းပွင့်သုန်က အခုလို ပြောပြသွားပါတယ်။

"ဆရာဝန်မရှိတော့ ဘယ်သူမှမသိဘဲ အဖေထောင်ထဲမှာ တခုခုဖြစ်သွားမှာကို သမီးအရမ်းစိုးရိမ်တယ်။ နိုင်ငံရေးအကျဉ်းသမားတွေကို ၆၅ နှစ်ထောင်ချပြီးသွားပြီ၊ ကျန်းမာရေးနဲ့ပတ်သက်လို့လည်း ဥပေက္ခာပြုထားတယ်။ ဒီနိုင်ငံတော်အစိုးရရဲ့လုပ်ရပ်က အရမ်းကို သူရဲဘောကြောင်ရာကျတယ်။ ဒီအုပ်စုလေးကို သူတို့ အရမ်းကြောက်လွန်းအားကြီးလို့သာ အဲ့လောက်အထိဖိအားတွေပေးပြီး၊ ဒီလူတွေ တခုခုဖြစ်ပြီး ထောင်ထဲမှာ သေသွားအောင် လုပ်နေတာလို့ သမီးကတော့ မြင်တယ်။"

လန်ဒန်အခြေစိုက် ဘားမားကမ်ပိန်းယူကေကလည်း ၈၈ မျိုးဆက်ကျောင်းသားတွေ ထောင်တွေထဲမှာ အသက်ဆုံးရှုံးခြင်းမရှိဘဲ အမြန်ဆုံးပြန် လွတ်မြောက်လာရေးအတွက် ပထမဦးစားပေးအနေနဲ့ဆောင်ရွက်ပေးဖို့ ကုလသမဂ္ဂကိုတိုက်တွန်းတောင်းဆိုလိုက်ပါတယ်။ ကိုမင်းကိုနိုင်အပါအဝင် ၈၈ မျိုးဆက်ကျောင်းသားတွေကို မနှစ်က နိုဝင်ဘာမှာ ထောင်ဒဏ် ၆၅ နှစ်စီ စီရင်ချက်ချပြီး မိသားစုနဲ့ဝေးတဲ့ နယ်ထောင်တွေဆီ ခွဲပို့ထားတာဖြစ်ပါတယ်။

# နာဂစ်အလှူငွေ ထိခိုက်လာနိုင်

**DVB l ဂျွန် ၁၀ ။ ။** ဒေါ်အောင်ဆန်းစုကြည်ကို တရားစွဲဆိုမှုဟာ နာဂစ်ဒုက္ခသည်တွေအတွက် နိုင်ငံတကာအကူညီပေးမှုကို ထိခိုက်လာစေနိုင်တယ်လို့ အာဆီယံအဖွဲ့က သတိပေးလိုက်ပါတယ်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာပြုလုပ်တဲ့ အမေရိကန်၊ အီးယူနဲ့ ဂျပန်အပါဝင်အလှူရှင်နိုင်ငံတွေနဲ့ ဆွေးနွေးပွဲအပြီး အာဆီယံအတွင်းရေးမှူးချုပ် ဆူရင်းပီစုဝမ်က အခုလို ပြောဆိုလိုက်တာ ဖြစ်ပါတယ်။ ဒီတရားစွဲဆိုမှုဟာ အလှူရှင်တွေဘက်က ပြည့်ဝစွာပူးပေါင်းဆောင်ရွက်ချင်တဲ့ စိတ်အားထက်သန်မှုကို အားပေးရာမရောက်ဘူးလို့ မစ္စတာဆူရင်းက သံတမန်စကားပြော ခဲ့ပါတယ်။ ဒါပေမယ့် ဒီအစည်းဝေးကိုတက်လာသူ အီးယူမြန်မာရုံးညွှန်မှူး ဦးဟန်ညောင်ရွှေက...

"မြန်မာနိုင်ငံကို လူသားချင်းစာနာတဲ့ အကူညီပေးရေးအပေါ် နိုင်ငံရေးတက်ကြွသူတွေက သံသယရှိနေတဲ့အတွက် ကုလသမဂ္ဂဘက်က ရန်ပုံငွေရှာရေးအခက်ခဲရှိနေပါတယ်။ အခုလိုမျိုး တရားစွဲမှုဖြစ်လာပြီဆိုတော့ ဒီအလှူငွေအပေါ် နိုင်ငံရေးအရှုမြင်မှု ပိုတိုးလာပြီး ရန်ပုံငွေရှာရေး ပိုခက်ခဲလာလိမ့်မယ်"...လို့ ပြောပါတယ်။ ပြီးခဲ့တဲ့နှစ် မေ ၃ ရက်နေ့က ဖြစ်ပွားခဲ့တဲ့ နာဂစ်မုန်တိုင်းအတွင်း လူပေါင်း တသိန်းကျော်သေဆုံး၊ တသန်းကျော် အိုးအိမ်မဲ့ဖြစ်ခဲ့ပေမယ့် စစ်အစိုးရဘက်က ပူးပေါင်းဆောင်ရွက်မှု အားနည်းတာကြောင့် နိုင်ငံတကာက အလှူငွေပေးဖို့တုံ့ ဆိုင်းနေဆဲဖြစ်တယ်လို့ ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။

# ဂိုချုပ်တောင် မြန်မာပြည်ရောက်

**DVB l ဂျွန် ၈ ။ ။** စင်ကာပူ ဝန်ကြီးချုပ်ဟောင်း ဂိုချုပ်တောင်က မြန်မာပြည် လေးရက်ခရီးစဉ်ကို ဒီနေ့ စတင်လိုက်ပါတယ်။ စင်ကာပူ နိုင်ငံခြားရေးဌာနကို ဆက်သွယ်မေးမြန်းရာမှာ "နိုင်ငံခြားရေးဝန်ကြီး ဌာန အင်တာနက်စာမျက်နှာမှာ ကြေညာထားတဲ့အတိုင်းပါပဲ" လို့ တာဝန်ရှိသူတဦး က ဖြေပါတယ်။

ဒီအင်တာနက်စာမျက်နှာ ကြေညာချက်မှာ ဂိုချုပ်တောင်ဟာ တနင်္လာနေ့က စပြီး လေးရက်ကြာ ချစ်ကြည်ရေးခရီး သွားရောက်တာဟာ ပြီးခဲ့တဲ့ မတ်လတုန်းက ဒု–ဗိုလ်ချုပ်ကြီး သိန်းစိန်ရဲ့ ဖိတ်ကြားချက်အရဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ လွန်ခဲ့တဲ့ ၁၁ နှစ်အတွင်း ဂိုချုပ်တောင်ရဲ့ ပထမဆုံးခရီးစဉ်ဖြစ်ပြီး မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပျက်နေတဲ့ အခြေအနေတွေကို နားထောင်မယ်၊ နေပြည်တော်ကိုသွားဖို့ လည်း အစီအစဉ်ရှိတယ်၊ နအဖထိပ်တန်းခေါင်း ဆောင်တွေနဲ့ လည်းတွေ့မယ်၊ စင်ကာပူဘက်က အဆင့်မြင့်အရာရှိတွေလည်း လိုက်ပါသွားတယ်စသည်ဖြင့်လည်း ရေးသားဖော်ပြထားပါတယ်။ မစ္စတာဂိုချုပ်တောင် ဒီနေ့ မွန်းလွဲပိုင်းမှာ ရန်ကုန်လေဆိပ်ကိုရောက်တယ်လို့ လေဆိပ်တာဝန်ကျ အရာရှိတဦးက ပြောပါတယ်။

ဂိုချုပ်တောင်နဲ့အဖွဲ့ ဘယ်ကိုဆက်သွားပြီး ဘယ်သူတွေနဲ့ တွေ့မယ်ဆိုတာကိုတော့ မေးလို့မရပါဘူး၊ အေအက်ဖ်ပီသတင်းမှာတော့ ဂိုချုပ်တောင်ဟာ မနက်ဖြန်မှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ နေပြည်တော်မှာတွေ့ဆုံမယ်လို့ အစိုးရအရာရှိတယောက်ကို ကိုးကားပြီး သတင်းမှာရေးထားပါတယ်၊ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို နအဖအာဏာပိုင်တွေက တရားစွဲအမှုစစ်တဲ့ကိစ္စကို စင်ကာပူနိုင်ငံက စိုးရိမ်ကြောင်း ထုတ်ဖော်ပြောကြားထားတာကြောင့် ဒီကိစ္စကိုလည်း မဖြစ်မနေပြောဆိုဖြစ်နိုင်တယ်လို့ ထင်မြင်ချက်တွေ ပျံ့နှံ့နေပါတယ်။ စင်ကာပူအတိုက်အခံ ဒီမိုကရက်ပါတီ ဗဟိုကော်မီတီဝင် မစ္စစ် ချီဆီယုန်ချင်းကတော့ ဂိုချုပ်တောင် ခုလိုရုတ်တရက်သွားရောက်တဲ့ကိစ္စကို အံ့သြနေတယ်လို့ပြောပါတယ်။

"နအဖစစ်အုပ်စုက ဒေါ်အောင်ဆန်းစုကြည်အပေါ် တရားစွဲဆိုနေတဲ့ကိစ္စကို စင်ကာပူအစိုးရက စိတ်ပျက်နေပါရက်နဲ့ မြန်မာအစိုးရနဲ့တွေ့ရင် ဒီကိစ္စကိုဆွေးနွေးမယ်လို့ ကြေညာချက်မှာ ဖော်ပြမထားတဲ့အတွက် အတော်စိတ်ပျက်တယ်" လို့ မစ္စစ် ချီဆီယုန်ချင်းက ပြောပါတယ်။

"စင်ကာပူအစိုးရက ဒီခရီးစဉ်အတွက် စီစဉ်နေတယ်ဆိုတာလည်း ဘယ်သူမှ ကြိုတင်မသိကြရတဲ့အတွက် အံ့အားသင့်နေကြတယ်၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံကဆိုရင် ဒေါ်အောင်ဆန်းစုကြည်အပေါ်မှာ စစ်အစိုးရပြုမူနေတာနဲ့ပတ်သက်ပြီး သဘောထားရပ်တည်ချက်ကို ကြေညာခဲ့တယ်၊ ဂိုချုပ်တောင်ဟာလည်း စစ်အုပ်စုနဲ့တွေ့ဆုံပြီး ဒီကိစ္စကို ဆွေးနွေးသင့်တယ်"လို့လည်း မစ္စစ် ချီဆီယုန်ချင်းက ပြောပါတယ်။ "ဒီအချိန်မှာ သံတမန်ဆက်ဆံရေးအတွက် ချစ်ကြည်ရေးခရီးသွားပြီး စစ်အုပ်စုကို ဖက်လှဲတကင်းလုပ်နေတာကို အားနာပါတယ်ရှင်။"

# နအဖရဲ့ ထိုးစစ်ကြောင့် ကရင်ရွာသား ၂၀၀၀ ကျော် ထိုင်းသို့ထွက်ပြေးလာ

**KIC ၊ ဂျွန် ၅ ။** ။ နအဖနှင့် DKBA ပူးပေါင်းတပ်ဖွဲ့သည် ဇွန်လဆန်းပိုင်းမှစ၍ ကရင်အမျိုးသားအစည်းအရုံး KNU ရဲ့ တပ်မဟာ(၇)နယ်မြေကို ထိုးစစ်ဆင်တိုက်ခိုက်လာသည့်အတွက် ကရင်ရွာသူရွာသား ၂,၀၀၀ ကျော်မှာ ထိုင်းဘက်ကမ်းသို့ ထွက်ပြေးတိမ်းရှောင်လာခဲ့ရပါတယ်။

မိသားစုအလိုက် ထွက်ပြေးလာသော အဆိုပါရွာသားများသည် ဖားအံခရိုင်၊ ပိုင်ကျုံမြို့နယ်ရှိ ဝါးမီကလားကျေးနယ်၊ မဲလာအားခီး၊ မဲလာအားထာ၊ ထီးကဟော၊ ဆေဖိုးခီးနှင့် လိုင်းဘွဲ့မြို့နယ် ခလယ်ဒေးကျေးနယ်ရှိ လယ်တူဝေါ်၊ ခလယ်ခို့များမှဖြစ်ကြပြီး ထိုင်းဘက်ကမ်းရှိ တိုးထာ့၊ အူးသူးထာ့၊ နိုဘိုးအင်တော၊ လယ့်ဘော်ဟဲ၊ ခလယ့်ခို့နှင့် မဲ့တရီနေရာများသို့ ရောက်ရှိခိုလှုံလျက်ရှိသည်ဟု KNU ၏ ပိုင်ကျုံမြို့နယ် ဥက္ကဋ္ဌ စောဘာတီဖိုးက ပြောသည်။ ထွက်ပြေးလာသူ မဲလာအားခီးရွာသူကြီး စောတင်လှက ကရင်သတင်းစဉ်ကို အခုလို ပြောသည်။

“လွန်ခဲ့တဲ့ သုံးရက်ကတည်းက ဗမာစစ်တပ်နဲ့ DKBA က တက်လာတော့မယ်ဆိုတာ ကြားတာနဲ့ ညနေပိုင်းမှာ ကျနော်တို့တရွာလုံး ဘာမှတောင်မယူအားတော့ဘဲ အဝတ်တထည် ကိုယ်တခုနဲ့ ထွက်လာခဲ့တာပဲ။ သူတို့က တိုက်ပွဲဖြစ်ရင် ကျနော်တို့ကို ပေါ်တာခေါ်တယ်။ နှိပ်စက်တယ်။ သတ်တဲ့အထိ တောင်လုပ်ခဲ့ဘူးတော့ ကျနော်တို့ ရင်မဆိုင်ရဲတော့လို့ အခုလိုထွက်ပြေးလာရတယ်”။

ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင်၊ ထာ့ဆောင်ယန်းမြို့နယ်အတွင်းသို့ ထွက်ပြေးလာသည့် ကရင်ရွာသူရွာသားများထဲမှာ လသားအရွယ်ကလေးငယ်များ သားသည်မိခင်များပါဝင်ပြီး သူတို့ ထွက်ပြေးတိမ်းရှောင်လာချိန်သည် မိုးသည်းထန်စွာ ရွာသွန်းနေတာကြောင့် သူတို့အတွက် စားရေးသောက်ရေး၊ အဝတ်အစားနှင့် နေရေးထိုင်ရေး အခက်အခဲများ ရင်ဆိုင်နေရကြောင်း သိရပါတယ်။ တိုက်ပွဲဖြစ်ပွားသည့်နယ်မြေရှိ နယ်စပ်ကျောင်းမှ ကျောင်းဆရာ ၉ ဦးနှင့် ကျောင်းသူ ကျောင်းသား ၁၀၀ ကျော်မှာလည်း ထိုင်းဘက်ကမ်းသို့ ထွက်ပြေးတိမ်းရှောင်နေရပြီး လက်ရှိအချိန်တွင် ပညာသင်ကြားရေးအပြင် နေရေးထိုင်ရေးနှင့် ကျန်းမာရေး အခက်အခဲများရှိသည်ဟုလည်း ဆရာတဦးဖြစ်သူ စောအဲကလူက အခုလိုပြောသည်။

“ကျောင်းစဖွင့်တဲ့နေ့မှာပဲ တိုက်ပွဲဖြစ်လို့ ကျနော်တို့လည်း ကလေးတွေနဲ့အတူ ထိုင်းဘက်ကမ်းကို ထွက်ပြေးလာရတယ်။ ကျောင်းသူကျောင်းသားတွေက အသက် ၄ နှစ်ကျော်က ၁၈ နှစ်အထိရှိတယ်။ မိန်းကလေး ၆၈ ဦးနဲ့ ယောက်ျားလေး ၆၁ ဦးဖြစ်ပြီး စုစုပေါင်း ၁၂၉ ဦးဖြစ်တယ်။ သူငယ်တန်းကနေ ခြောက်တန်းအထိရှိတယ်။ အခု ယာယီနေရတဲ့ နေရာကလည်း တောတောင်ထဲမှာဆိုတော့ ကလေးတွေက မပျော်ဘူး။ အဖျားတက်တာ၊ အော့အန်တာ၊ ဝမ်းလျှောတာတွေဖြစ်နေတယ်”။

နအဖနှင့် DKBA ပူးပေါင်းတပ်ဖွဲ့သည် KNU တပ်မဟာ ၇ နယ်မြေကို ဝင်ရောက်တိုက်ခိုက်ရာ ကေအဲန်အယ်လ်ဲတပ်များနှင့် ဇွန်လ ၂ ရက်နေ့ မှစ၍ ယနေ့အထိ တိုက်ပွဲပေါင်း ၆ ကြိမ်ဖြစ်ပွားခဲ့ပြီး ထွက်ပြေးရောက်ရှိလာတဲ့ ရွာသူရွာသားများကို ထိုင်းကျန်းမာရေးဌာနက လိုအပ်သည့်ဆေးဝါးကုသမှုများနဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ လုပ်ဆောင်ပေးလျက်ရှိတဲ့အပြင် ထိုင်းနယ်ခြားစောင့်တပ်များကလည်း ဇွန်လဆန်းပိုင်းမှစ၍ ထိုင်း–မြန်မာနယ်စပ်တလျှောက်တွင် တပ်အင်အားများ ထပ်မံတိုးချဲ့ကာ စောင့်ကြည့်လျက်ရှိပါတယ်။

အလားတူ ထိုင်း–မြန်မာနယ်စပ် ဖားအံခရိုင်အတွင်းရှိ လယ့်ဘော်ဟဲ ပြည်တွင်းဒုက္ခသည်စခန်းမှ ဒုက္ခသည်စုစုပေါင်း ၁၂၆၄ ဦးကလည်း တိုက်ပွဲများကြောင့် လုံခြုံမှုမရှိသည့်အတွက် ဇွန်လ ၅ ရက်နေ့တွင် ထိုင်းဘက်ကမ်းသို့ တိမ်းရှောင်လာခဲ့ကြပြီး ၄င်းတို့အနက် ပြီးခဲ့သည့် မေလလယ်ပိုင်းအတွင်းက DKBA တပ်များ၏ စစ်သားကောက်ခံမှုကြောင့် နေရပ်စွန့်ခွာမှုထွက်ပြေးလာသည့် ပိုင်ကျုံမြို့နယ်၊ ထီးပယ်ကျေးနယ်မှ ရွာသားများလည်းပါဝင်တယ်လို့ လယ့်ဘော်ဟဲစခန်း ဥက္ကဋ္ဌ စောတာစုးညားက ပြောပါတယ်။ မြဝတီမြို့နယ်၊ သင်္ကန်းညိုနောင်အခြေစိုက် နအဖတပ်မ ၂၂ ၏ လက်အောက်ခံတပ်ရင်းများနှင့် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မ တော် DKBA တပ်မဟာ ၉၉၉ လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့များသည် ကေအဲန်ယူ ဖားအံခရိုင်၊ တပ်မဟာ ၇ နယ်မြေကို အပြုတ်တိုက်မည့်ရည်ရွယ်ချက်ဖြင့် ထိုသို့ထိုးစစ်ဆင်လျက်ရှိရာ KNLA ဘက်မှလည်း အသင့်အနေအထားတွင်ရှိနေပြီး တိုက်ပွဲမှာ ဆက်လက်ဖြစ်ပွားသွားမည်ဖြစ်ကြောင်း KNU တပ်မဟာ ၇ မှ ပေးပို့တဲ့ သတင်းများအရသိရပါတယ်။ ဖားအံခရိုင်အတွင်းမှာ နအဖတပ်မ ၂၂ လက်အောက်ခံ ခမရ ၃၃၈၊ ၃၃၉၊ ၂၀၃၊ ခလရ ၈၁ နှင့် DKBA တပ်မဟာ ၉၉၉၊ ၅၅၅၊ ၃၃၃ တပ်ဖွဲ့ဝင်များ အခြေစိုက်လှုပ်ရှား လျက်ရှိကြောင်း သိရှိရပါတယ်။

# ကော့သောင်းမှ ညမထွက်ရအမိန့်ထုတ်

**NEJ ၊ ဂျွန် ၅ ။** ။ မြန်မာပြည်တောင်ပိုင်း နယ်စပ်မြို့ ကော့သောင်းမှာ ညမထွက်ရအမိန့်နဲ့ တဖက်ကမ်းရနောင်းမြို့သို့ တပတ်စာ သွားရောက်လည်ပတ်ခွင့်ကို အာဏာပိုင်တို့က ပိတ်ပင်လိုက်တာကြောင့် စီးပွားရေးသမားများနဲ့ ခရီးသွားများ အခက်အခဲတွေ့နေကြရတယ်လို့သိရပါတယ်။

ပြီးခဲ့တဲ့ ၁၀ ရက်ခန့်ကစပြီး နယ်မြေဖြတ်ကျော်ခွင့်ကို ကော့သောင်းမြို့ ဗျူဟာမှူးက ပိတ်ပင်လိုက်ခြင်းဖြစ်ကြောင်း၊ ရနောင်းမြို့မှ ကုန်ခြောက်ပစ္စည်းအမျိုးမျိုးတင်သွင်းနေတဲ့ ကော့သောင်းမြို့ခံ ကုန်သည်တဦးက ပြောပါတယ်။ ဒါကြောင့် နယ်စပ်မြို့ နှစ်ဖက်စလုံးမှာ ကုန်စည်ပို့ဆောင်ရေးအတွက် လာဘ်ပေးလာဘ်ယူမှုများ အရင်ကထက် ပိုများလာပြီး ကုန်သည်တချို့ လုပ်ငန်းများရပ်ထားနေကြကြောင်းလည်း သူက အခုလိုဆက်ပြောပါတယ်။

“အရင်က ပစ္စည်းသွားသယ်ဖို့ လှေတစီးလုံးငှားမယ်ဆိုရင် ဘတ်ငွေ တထောင်ဆိုရင် ဆိုင်အထိရောက်ပြီ၊ အခုဆို ဂိတ်တဂိတ်အတွက် ဘတ် ၃၀၀ ပေးရတယ်၊ အားလုံး ၄ ဂိတ်တောင်ဖြစ်လာတယ်၊ ဒီဗမာဘက်ကမ်းမှာ လှေအကြီးတွေကိုလည်း ပေးမသုံးတော့လို့ လှေငယ်တွေနဲ့ မှာယူနေရတယ်၊ အခုက ဗမာဘက်ကပဲ ပိတ်တာ”။

ဒါ့အပြင် ၁၀ နာရီနောက်ပိုင်း ညမထွက်ရအမိန့်လည်း ကော့သောင်းမြို့မှာ လွန်ခဲ့တဲ့ ရက်သတ္တပတ်က ထုတ်ပြန်ခဲ့တာကြောင့် အရောင်းအဝယ်ကျဆင်းလာကြောင်း အဲဒီမြို့ခံ ကုန်သည်ကပြောပါတယ်။ သို့သော် အဲဒီအမိန့်က တရားဝင်ထုတ်ပြန်ကြေညာခြင်းမျိုးမဟုတ်ပဲ စျေးဆိုင် စားသောက်ဆိုင် လက်ဖက်ရည်ဆိုင်များနဲ့ တက္ကစီမောင်းသမားများကိုသာ ရပ်ကွက်အာဏာပိုင်တို့က ပြောကြားထားတာဖြစ်ပြီး မလိုက်နာရင် ထိရောက်စွာအရေးယူမယ်လို့လည်း သတိပေး ပြောဆိုထားပါတယ်။

အရင်လ ၁၅ ရက်က ရနောင်းကိုသွားတဲ့စက်လှေ လူအဆမတန်တင်ဆောင်ခဲ့တာကြောင့် နယ်စပ်ဂိတ်ရှိတဲ့ ကျွန်းစုမှာ လှေမှောက်ပြီး ခရီးသည် ၁၁ ဦးသေဆုံးခဲ့ပါတယ်။ အဲဒီနောက် သွားလာလည်ပတ်ခွင့်ကို ကန့်သတ်ပိတ်ပင်လိုက်တာဖြစ်တယ်လို့ မြို့ခံများက ပြောပါတယ်။ အခုတော့ ကော့သောင်းမြို့ကို ရေလမ်း၊ ကုန်းလမ်းခရီးမှ ရောက်လာသူများအား စစ်ဆေးမှု ပိုမိုများပြားလာပြီး ကော့သောင်းမြို့ကိုလာရောက်တဲ့ အကြောင်းပြချက်ခိုင်ခိုင်လုံလုံ မပြသနိုင်သူ ခရီးသည်အယောက် ၂၅၀ ကျော်ကိုလည်း ဘုန်းကြီးကျောင်းတကျောင်းနဲ့ ရပ်ကွက်လူကြီးရုံးများမှာ ထိန်းသိမ်းထားကြောင်း မြို့ခံတဦးက ပြောပါတယ်။

# DKBA နဲ့နအဖ ပူးပေါင်းတပ်နှင့် ကေအန်ယူ တပ်မဟာ ၇ တိုက်ပွဲ ဆက်ဖြစ်

**DVB၊ ဂျွန် ၁၀။ ။** နအဖနဲ့ ဒီကေဘီအေ ပူးပေါင်းတပ်တွေက ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် တပ်မဟာ ၇ တပ်ရင်း ၂၁ ကို ဒီနေ့မနက်ပိုင်းကတည်းက လက်နက်ကြီးတွေနဲ့ စတင်ထိုးစစ်ဆင်ပြီး အပြန်အလှန်ပစ်ခတ်နေပါတယ်။

ဒီနေ့ ရင်ဆိုင်တိုက်ပွဲမရှိပေမယ့် လက်နက်ကြီးတွေနဲ့ အပြန်အလှန် ပစ်ခတ်ကြတယ်လို့ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် တပ်ရင်း ၂၁ က ပြောခွင့် ရသူ ဗိုလ်ကြီး စပ်ဂျွန်က ပြောပါတယ်။ ဒီနေ့ ညနေ ၅ နာရီလောက်မှာ နအဖနဲ့ DKBA ပူးပေါင်းတပ်ဘက်က လှမ်းပစ်တဲ့ လက်နက်ကြီးတွေ စခန်းထဲကျပေမယ့် ထိခိုက်မှုမရှိဘူးလို့ ၂၁ စခန်းရှိ တပ်ကြပ်စိုးမြင့်က ပြောပါတယ်။ မနေ့ကလည်း နအဖဘက်က ပစ်တဲ့လက်နက်ကြီးတွေ ထိုင်းဘက်ခြမ်းဘက် မယ်သရီးကျေးရွာထဲ ၃ လုံးကျခဲ့ပေမယ့် ထိခိုက်ဒဏ်ရာမရှိဘူးလို့ ဗိုလ်ကြီး စပ်ဂျွန်က ပြောပါတယ်။ မနက် ၁၀ နာရီလောက်က ရှေ့တန်းရောက်နေတဲ့ DKBA ၉ သုံးလုံး တပ်ရင်းမှူး ဗိုလ်မှူးစံပြူးက ကေအန်ယူရဲ့မယ်သရီးစခန်းကို တိုက်ခိုက်ဖို့ စစ်ကြောင်းပြင်နေတယ်လို့ ပြောပါတယ်။

“မက်သရီးစခန်းကို တိုက်နေတယ်။ ရန်သူတွေပစ်တဲ့ အသံတွေပဲ မှတ်တမ်းတင်ထား။ ရန်သူကျည်ဆံ ဘယ်နှလုံးထွက် မှတ်တမ်းတင်ထား။ သူတို့ ခုနတုန်းက ပစ်တာ ၃ လုံးလောက်ရှိမယ်”။

သူပြောတဲ့ မယ်သရီးစခန်းဆိုတာ ကေအန်ယူတပ်မဟာ ၇ တပ်ရင်း၂၁ ဖြစ်ပါတယ်။ ဒီလဆန်း ၂ ရက်နေ့ကစပြီး DKBA နဲ့ နအဖပူးပေါင်းတပ်တွေက ကေ အန်အယ်လ်အေ တပ်မဟာ ၇ ကို စတင်ထိုးစစ်ဆင်ခဲ့ရာ တိုက်ပွဲအတွင်း နအဖဘက်က ၄၀ ကျော်ထိခိုက်ဒဏ်ရရှိပြီး သူတို့ဘက်က တယောက်ဒဏ်ရာရှိတယ်လို့ ကေအန်ယူက သတင်းထုတ်ပြန်ထားပါတယ်။ DKBA ၉ သုံးလုံး တပ်ရင်းမှူး ဗိုလ်မှူးစံပြူးက ကေအန်ယူဘက်မှာ ၁၀ ယောက်လောက်ဒဏ်ရာရှိပြီး သူတို့ဘက်က ထိခိုက်ဒဏ်ရာရတာ မရှိဘူးလို့ဆိုပါတယ်။ ဒီတိုက်ပွဲကြောင့် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်ရှိ ရွာပေါင်း ၁၀ ရွာကျော် က ရွာသား ၄ ထောင်ခန့်ထိုင်းနိုင်ငံထဲ စစ်ပြေးဒုက္ခသည်အဖြစ် ထွက်ပြေးခိုလှုံနေရပါတယ်။ ပြီးခဲ့ ၂ ရက်နေ့ကတည်းက ထိုင်းနိုင်ငံဘက်ထွက်ပြေးလာတဲ့ မယ်သဲရွာသား ဖိုးအယ်ရှိုးက သူ့တို့ရွာ တရွာလုံးထိုင်းဘက်ကို ထွက်ပြေးလာတာလို့ ပြောပါတယ်။

“ကျနော်တို့ရွာမှာ အိမ်ခြေပေါင်းတရာကျော်ရှိပါတယ်။ ရွာသူရွာသားတွေ အားလုံး ဒီဘက်လာပါတယ်၊ သူတို့က ပေါ်တာဆွဲပြီး ထိုးစစ်ဆင်လို့ ကျနော်တို့ ကြောက်လို့ ထွက်ပြေး လာရတာ။”

သူ့ရွာမှာ မူလတန်းကျောင်းတကျောင်းရှိပြီး အဲဒီကျောင်းပါ ပိတ်ကာ ထိုင်းနိုင်ငံထဲကို ထွက်ပြေးလာတာလို့ ဖိုးအယ်ရှိုးက ပြောပါတယ်။ DKBA နဲ့ နအဖပူးပေါင်းတပ်တွေက ထိုးစစ်ဆင်တိုက်ခိုက်နေတာဟာ အပြစ်မဲ့ကရင်အမျိုးသားတွေဖြစ်တယ်လို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတခုဖြစ်တဲ့ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစုက ကန့်ကွက်ပါတယ်။ ဒီလုပ်ရပ်ဟာ နိုင်ငံတကာစစ်ရာဇဝတ်မှုနဲ့ လူသားဖြစ်မှုကိုဆန့်ကျင်တဲ့ ရာဇဝတ်မှု ကျူးလွန်ရာရောက်တယ်လို့လည်း ဒီနေ့ထုတ်ပြန်ကြေညာချက်မှာ ဖော်ပြထားကြောင်း အမျိုးသားဒီမိုကရေစီတပ်ပေါင်းစုရဲ့ အတွင်းရေးမှူးဦးဘုန်းကျော်က ပြောပါတယ်။

“နအဖ လုပ်လိုက်တဲ့ စစ်ဆင်ရေးက အပြစ်မဲ့တဲ့ရွာသားတွေကို ဦးတည်ပြီး တိုက်ခိုက်တဲ့ပုံစံမျိုးဖြစ်တယ်။ ရွာသားတွေက သူတို့ရဲ့အိုးအိမ်တွေကို စွန့်လွှတ်ရ တယ်။ တချို့ရွာသားတွေ ထိခိုက်ဒဏ်ရာရတယ်။ နအဖ ထိုးစစ်ဆင်တဲ့ ဆိုးကျိုးတွေက ရွာသားတွေပေါ်မှာ တိုက်ရိုက် သွားထိရောက်နေတယ်။ ဒါကို နအဖ သိသိနဲ့ ထိုးစစ်ဆင်နေတာ လူသားချင်းစာနာမှုမရှိဘူး၊ ကရင်လူမျိုးတွေရဲ့ လူသားဖြစ်မှုကို ဆန့်ကျင်တယ်၊ ပြစ်မှုကျူးလွန်တယ်လို့ထောက်ပြချင်တာပါ။”

# ရယကလူမိုက်ရုံးမှ ခေါ်ယူပြီး ရိုက်နှက်စစ်ဆေးလို့ အရေးပေါ် ဆေးကုသမှုခံနေရ

**DVB၊ ဂျွန် ၁၀။ ။** ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်ဒေသခံတဦး ရယကရုံးမှာ ဆင့်ခေါ် ရိုက်နှက်ခံရလို့ မြောက်ဥက္ကလာပမြို့နယ်ဆေးရုံမှာ အတွင်းလူနာအဖြစ် ဆေးကုသခံနေရတယ်လို့ ဒေသခံတွေက ပြောပါတယ်။

မြောက်ဥက္ကလာပမြို့နယ် ၁ ရပ်ကွက် သုမိတ္တာ ၁၅ လမ်းမှာ နေတဲ့ ဦးစန်းကျော်ကို လူမှုရေးကိစ္စဆွေးနွေးဖို့ဆိုပြီး ပြီးခဲ့တဲ့ ၇ ရက်နေ့ည ၉ နာရီခွဲခန့်က ရယကရုံးက ဆင့်ခေါ်ခဲ့တယ်လို့ တရပ်ကွက်တည်း အတူနေထိုင်သူတွေက ပြောပါတယ်။ ဒါပေမယ့် လူမှုရေးကိစ္စ ခေါ်ဆွေးနွေးတာမဟုတ်ဘဲ ဦးစန်းကျော်ကို ရိုက်နှက်တာလို့ မျက်မြင်တွေ့ရှိသူတဦးက ပြောပါတယ်။

“ဟိုရောက်တော့ ရဝတ ဥက္ကဋ္ဌကနဲ့ သူ့ရဲ့ မီးသတ်အဖွဲ့ဝင် ၂ ယောက်၊ ရဝတ အဖွဲ့ဝင်တွေနဲ့ ဝိုင်းပြီးတော့ ရိုက်တယ်။ ခါတ်မီးနဲ့ ရိုက်တယ်လို့ပြောတယ်။ ရဝတရုံးက ရဲတယောက်က ထွက်လာပြီး အထဲမှာတော့ ပြဿနာတွေ ဖြစ်နေတယ်လို့ပြောတော့ ရက်ကွက်က ရဝတရုံးကို သွားကြည့်တော့ အရိုက်ခံရတဲ့သူက အပြင်ကို ယိုင်ထိုးယိုင်ထိုး ထွက်လာပြီးတော့ မြောင်းထဲကို ပြုတ်ကျသွားတယ်။ ဒါကို နောက်ကနေ ကျန်တဲ့သူတွေက ဆက်ရိုက်တယ်။ “ဘာဖြစ်လို့ ရိုက်တာလဲဆိုတော့ ဦးစန်းကျော်က မီးရထားပိုင်မြေမှာ ဆိုင်ခန်းဖွင့်တာ ရဝတကို ပိုက်ဆံ ဖ သိန်းပေးရတယ်။ မီးရထားကနေ ကျူးကျော်ဆိုင်ခန်းတွေကို ဖျက်တဲ့အခါမှာ ဘယ်သူ့ကို ဘယ်လောက်ပေးရလဲလို့မေးတော့ သူက ရဝတဥက္ကဋ္ဌကို ပိုက်ဆံ ဖ သိန်း ပေးရပါတယ်လို့ပြောလိုက်လို့ ရန်ငြိုးထားပြီး သက်သက်ခေါ် ရိုက်တာ။”

ရိုက်နှက်ခံရမှုကြောင့် ဦးစန်းကျော်ဟာ ခေါင်း၊ လက်နဲ့ဒူးမှာ ဒဏ်ရာတွေရပြီး မြို့နယ်ဆေးရုံမှာ ကုသမှုခံယူနေရပေမယ့် ဒီကိစ္စ ရဲစခန်းတိုင်ရာက ဘာမှ အရေးယူ ဆောင်ရွက်တာမရှိဘူးလို့ အဲဒီဒေသခံကပဲ ပြောပါတယ်။

“အခု မြောက်ဥက္ကလာပဆေးရုံကြီးမှာ အတွင်းလူနာအဖြစ် ကုသခံနေရတယ်။ ကျနော်တို့ဘက်က လူကိုပဲ အရေးယူ ဆောင်ရွက်ဖို့စီစဉ်နေကြတယ်။ စာနဲ့ခေါ်ပြီး ဝိုင်းရိုက်တယ်ဆိုတာကြီးက ဘယ်လိုမှ လက်ခံနိုင်စရာမရှိဘူး။”

ဒီကိစ္စနဲ့ပတ်သက်လို့ မြောက်ဥက္ကလာမြို့နယ်ရဲစခန်းကို ဆက်သွယ်မေးမြန်းရာမှာ စခန်းတာဝန်ကျ ဝန်ထမ်းတဦးက…“ကျနော်တို့က အဲ့ဒါတွေကို ဖြေပိုင်ခွင့်ရှိလို့ပါ။ အထက်လူကြီးတွေကို တင်ပြရမှာမို့ပါ”လို့ ပြောပါတယ်။

ဒီဖြစ်ရပ်နဲ့ပတ်သက်လို့ မြောက်ဥက္ကလာပ ၁ ရပ်ကွက် ရယကရုံးမှာ ဖုန်းမရှိတဲ့အတွက် မြို့နယ်မယကရုံးကို ဆက်သွယ်မေးမြန်းတော့ ဒီကိစ္စ သူတို့ဘာမှမသိဘူးလို့သာ တာဝန်ကျဝန်ထမ်းက ဖြေဆိုပါတယ်။ ဦးစန်းကျော်ဟာ အခုလက်ရှိ ဆေးကုသခံနေရဆဲဖြစ်တဲ့အတွက် သူ့ကျန်းမာရေးအခြေအနေသိနိုင်ဖို့ မြောက်ဥက္ကလာပ ဆေးရုံကြီးကို ဆက်သွယ်မေးမြန်းတော့ ဦး စန်းကျော်ဟာ ၇ ရက်နေ့ည ၁၂ နာရီ ကျော်မှာ ဆေးရုံအရေးပေါ်ဌာနကို ရောက်လာတာဖြစ်ပြီး အမျိုးသားခွဲစိတ်ဆောင်ကို လွှဲပေးလိုက်တယ်လို့ ဆေးရုံအရေးပေါ်ဌာနတာဝန်ကျဝန်ထမ်းတဦးက ပြောပါတယ်။

“သူ့မှာ ဒဏ်ရာတွေ အများကြီးရှိလို့ တင်ထားပါတယ်။ ၈၊ ၆၊ ၀၉ ရက်၊ ၀၀ နာရီ ၁၀ မိနစ်က ရဲကေ့စ်ဆိုပြီး ပိစိထုထားပါတယ်။”

အမျိုးသားခွဲစိတ်ဆောင်ကို ဆက်သွယ်မေးမြန်းကြည့်ရာ တာဝန်ကျဆရာမတဦးက အရေးပေါ်လူနာများနေတဲ့အတွက် နောက်မှ ဆက်သွယ်ပါလို့ ဖြေပါတယ်။ ဦးစန်းကျော်ရဲ့ မိသားစုတွေအပါအဝင် ရပ်ကွက်အတူနေသူတွေက ဒီဖြစ်ရပ်ကို မကျေနပ်တဲ့အတွက် ကြပ်ပြေးအထိ စာတင်မယ်လို့ပြောပါတယ်။

# အမျိုးသားရင်ကြားစေ့ရေးနဲ့ ရွေးကောက်ပွဲကို မထိခိုက်စေလို

**NEJ | ဇွန် ၁၀။ ။** ဒေါ်အောင်ဆန်းစုကြည်အပေါ် တရားစီရင်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံအမျိုးသားရင်ကြားစေ့ရေးလုပ်ငန်းစဉ်များနှင့် ၂၀၁၀ တွင် ကျင်းပမည့်ရွေးကောက်ပွဲကို မထိခိုက်စေလိုကြောင်း စင်ကာပူအစိုးရအဖွဲ့တွင် ဝါရင့်ဝန်ကြီးအဖြစ်တာဝန်ယူထားသည့် ဝန်ကြီးချုပ်ဟောင်း မစ္စတာဂိုချောက်ထောင်ကပြောကြားလိုက်ပါတယ်။

မစ္စတာဂိုချောက်ထောင်သည် ယမန်နေ့က နေပြည်တော်တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဗိုလ်ချုပ်ကြီးသိန်းစိန်တို့ကို တွေ့ဆုံခဲ့ရာတွင် အခုလိုပြောကြားခဲ့ခြင်းဖြစ်ပါတယ်။ အကျယ်ချုပ်တားဆီးမိန့်ချိုးဖောက်မှုဖြင့် ရုံးတင်တရားစွဲဆိုခြင်းခံနေရသော ဒေါ်အောင်ဆန်းစုကြည်၏အမှုနှင့်ပတ်သက်၍ မစ္စတာဂိုချောက်ထောင်က ယင်းတရားစီရင်မှုသည် ပြည်တွင်းရေးကိစ္စဖြစ်ကြောင်း၊ သို့သော် နိုင်ငံတကာနှင့် ဆက်နွယ်နေသည့် အကြောင်းချင်းရာကိုလည်း နအဖစစ်အုပ်စုက လျစ်လျူမရှုသင့်ကြောင်း အလေးထားပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံတွင်ကျင်းပမယ့် ရွေးကောက်ပွဲသည် ဘက်ပေါင်းစုံပါဝင်သည့် ရွေးကောက်ပွဲဖြစ်ရမည်ဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သည့် NLD ပါတီသည် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်တွင် ပါဝင်ရမည်ဟုလည်း မစ္စတာဂိုချောက်ထောင်က အလေးထားပြောခဲ့ကြောင်း CNA သတင်းတွင် ဖော်ပြထားပါတယ်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဗိုလ်ချုပ်ကြီးသိန်းစိန်တို့ကို လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေပါမည်ဟု ပြောကြားခဲ့ကြောင်း သိရပါတယ်။ ထိုကဲ့သို့ မစ္စတာဂိုချောက်ထောင်ရဲ့ပြောကြားချက်နှင့် ပတ်သက်ပြီး အဲန်အဲယ်လ်ဒီပဟိုအလုပ်အမှုဆောင်ဦးဝင်းတင်ကို မေးမြန်းခဲ့ရာ ဦးဝင်းတင်က ဒေါ်အောင်ဆန်းစုကြည် အား တရားစွဲဆိုနေမှုသည် ပြည်တွင်းရေး ကိစ္စဆိုသည်ထက် ပိုမိုကျယ်ပြန့်စွာ ကြည့်မြင်ရန်လိုအပ်ကြောင်း၊ ယင်းကိစ္စသည် နိုင်ငံရေးပိုင်းဆိုင်ရာ ထိုးနက်ချက်တရပ်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

"ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်ချထားခံရစဉ်မှာဖြစ်ခဲ့တဲ့ ကိစ္စဖြစ်ပေမယ့် လုံခြုံရေးပိုင်းဆိုင်ရာတွေကို ဘာတခုမှစစ်ဆေးအရေးယူတာမရှိဘဲ ဒေါ်အောင်ဆန်းစုကြည်ကိုသာ တရားစွဲနေတာဟာ နိုင်ငံရေးပိုင်းဆိုင်ရာထိုးနက်ချက်တရပ်ဖြစ်တယ်ဆိုတာ မစ္စတာဂိုချောက်ထောင်ကိုပြောချင်တယ်။ ဒါကြောင့် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် သူကိုယ်တိုင်ကလည်း တောင်းဆိုပေးသင့်တယ်လို့ ကျနော်ယူဆတယ်။" လို့ဦးဝင်းတင်ကပြောပါတယ်။

၂၀၁၀ ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ မစ္စတာဂိုချောက်ထောင်ရဲ့ပြောကြားချက်ကိုမူ ဦးဝင်းတင်ကကြိုဆိုတယ်လို့ ပြောကြားခဲ့ပါတယ်။

"ဒီလိုပြောတဲ့အတွက်တော့ ဝမ်းသာပါတယ်။ ဒါပေမယ့် ရွေးကောက်ပွဲမှာ အဲန်အဲယ်လ်ဒီပါတီပါဝင်ခွင့်ရရေး ကျယ်ပြန့်တဲ့နိုင်ငံရေးလမ်းစဉ်ကို အဲန်အဲယ်လ်ဒီက ကိုင်စွဲထားတာပါ။ လူ့အခွင့်အရေး၊ လက်နက်ကိုင်တိုင်းရင်းသားတွေအရေး၊ ဒါတွေအားလုံးဖြစ်ထွန်းဘို့အတွက်ကိုဘဲ အဓိကထားပါတယ်။ ဒါတွေကို လုပ်ဆောင်နိုင်ဘို့ဆိုတာကလည်း ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာမှုအပေါ်မှာ မူတည်နေပါတယ်။" လို့ ဦးဝင်းတင်ကပြောကြားခဲ့ပါတယ်။

မစ္စတာဂိုချောက်ထောင်သည် ပြီးခဲ့တဲ့မတ်လတွင် စင်ကာပူနိုင်ငံသို့ သွားရောက်ခဲ့သည့် မြန်မာဝန်ကြီးချုပ် ဗိုလ်ချုပ်သိန်းစိန်၏ ဖိတ်ကြားချက်ဖြင့် မြန်မာနိုင်ငံသို့ ဇွန်လ ၈ ရက်တွင် ရောက်ရှိခဲ့ပြီး ၄ ရက်ကြာနေထိုင်မှာဖြစ်ပါတယ်။

# နယ်ခြားစောင့်တပ်အသွင်ပြောင်းရန် မူအားဖြင့် ကေအိုင်အိုသဘောတူ

**DVB | ဇွန် ၁၀။ ။** ကချင်လွတ်လပ်ရေးအဖွဲ့ကို နယ်ခြားစောင့်တပ်အသွင်ကူးပြောင်းဖို့ မူအားဖြင့်သဘောတူပေမယ့် ဒီကိစ္စဟာအများပြည်သူရွေးကောက်တဲ့ တည်ငြိမ်တဲ့အစိုးရလက်ထက်ကျမှဖြစ်မှာပါလို့ KIO က ပြောဆိုလိုက်ပါတယ်။

စစ်အုပ်စု ကမ်းလှမ်းတဲ့အတိုင်း ကချင်လွတ်လပ်ရေးအဖွဲ့က နယ်ခြားစောင့်တပ်အသွင်ကူးပြောင်းဖို့ မူအားဖြင့် သဘောတူကြောင်း အကြောင်းပြန်ကြားခဲ့ပြီးပြီလို့ လက်ထောက် နိုင်ငံခြားရေးတာဝန်ခံ ဂျိမ်းစ်လွှန်ဒေါ်ကပြောပါတယ်။

"မေလ ၂၁ ရက်နေ့ မြစ်ကြီးနားမှာ တွေ့ကြပါတယ်။ ဥက္ကဋ္ဌ ခေါင်းဆောင်ကြီးများအားလုံး ၁၀ ယောက်အထိ အဲဒီမှာ သွားပြီးတော့တင်ပြပါတယ်၊ ကျနော်တို့ကလည်း မူအားဖြင့် လက်ခံတယ်။ သူတို့ကလည်း ကျနော်တို့ တင်ပြတာ မူအားဖြင့်လက်ခံတယ်။"

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနဲ့ KIO ခေါင်းဆောင်တွေ မြစ်ကြီးနားတွေ့ဆုံပွဲမှာ မူအားဖြင့် အပြန်အလှန်လက်ခံကြောင်း အသိပေးခဲ့ကြတာလို့ ဂျိမ်းစ်လွှန်ဒေါ်က ပြောပါတယ်။ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးက KIO၊ ဝပြည်သွေးစည်းညီညွတ်ရေးပါတီ စတဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေကို ၂၀၁၀ ရွေးကောက်ပွဲမတိုင်ခင် နယ်ခြားစောင့်တပ်အသွင်ပြောင်းလဲပြီး တပ်မတော်လက်အောက်မှာသွတ်သွင်းဖို့ ကမ်းလှမ်းခဲ့ပါတယ်။ နအဖရဲ့ အပစ်ရပ်အဖွဲ့တွေကို ကမ်းလှမ်းချက်မှာ ရွေးချယ်စရာ နှစ်ချက်ပေးထားတယ်လို့ဆိုပါတယ်။ တခုက နယ်ခြားစောင့်တပ်အသွင်ကူးပြောင်းမယ်ဆိုရင် နှစ်ဖက်အကြား ဆွေးနွေးပွဲတွေဆက်လက်ရှိမယ့်အကြောင်းနဲ့ အသွင်ကူးပြောင်းမှု မလုပ်ဘူးဆိုရင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ပျက်ပြယ်မယ်ဆိုတဲ့သဘော သက်ရောက်တယ်ဆိုတာပဲ ဖြစ်ပါတယ်။

ဒီကိစ္စကို ကချင်လူထုအကြားမှာလည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသွားဖို့လည်း KIO က ပြင်ဆင်နေပါတယ်။ KIO ခေါင်းဆောင်တွေက မူအားဖြင့် သဘောတူတယ်လို့ပြောပေမယ့် ကချင်လွတ်လပ်ရေး တပ်မတော်ဘက်က တပ်မှူးတပ်သားတွေကတော့ နှစ်ပေါင်းများစွာ အသက်သွေးချွေးနဲ့ တည်ထောင်လာတဲ့တပ်ကို အလွယ်တကူ နယ်ခြားစောင့်တပ်အသွင် ကူးပြောင်းမခံနိုင်ဘူးဆိုတဲ့ ရပ်တည်ချက်တွေလည်း ပြောဆိုနေကြတယ်လို့ အကဲခတ်တွေက ပြောပါတယ်။ မူအားဖြင့် သဘောတူလိုက်ပေမယ့် ချက်ချင်းလက်ငင်း ပြောင်းလဲမယ့်သဘောမဟုတ်ဘဲ ရွေးကောက်ပွဲက တက်လာတဲ့ တည်ငြိမ်တဲ့ အစိုးရလက်ထက်ကျမှ ဖြစ်တယ်လို့ ဂျိမ်းစ်လွှန်ဒေါ်က ရှင်းပြပါတယ်။

"မူအားဖြင့်လက်ခံပေမယ့် လက်တွေ့လုပ်ငန်းမှာ ဒီခေါင်းစဉ်တွေကို ရှေ့နောက်ပြောင်းလိုက်ရပါလိမ့်မယ်။ ကျနော့်အမြင်၊ လူတိုင်းရဲ့အမြင်၊ ဗဟိုကော်မတီဝင်တွေရဲ့အမြင်တွေကို တင်ပြတဲ့အခါမှာ ကျနော်ကိုယ်တိုင်လည်း ဒီအတိုင်းပဲတင်ပြခဲ့ပါတယ်။ ဘာကြောင့်လဲဆိုရင် တပ်ကို အပြောင်းအလဲတွေလုပ်ရ၊ အပြောင်းအလဲလုပ်မယ်ဆိုရင် ဘာကိုသွားပြီးတော့ အာမခံချက်ထားမလဲ၊ ဒါကြောင့် ရွေးကောက်ပွဲလုပ်ပြီး ပြည်သူလူထုကတင်မြှောက်လိုက်တဲ့ အစိုးရတက်လာမယ်။ အဲဒီအစိုးရက ဒီပြည်သူလူထုအတွက် အစစအရာရာ အာမခံချက်ရှိပြီဆိုရင် အေးချမ်းသာယာတဲ့တိုင်းပြည်အဆင့်ကို ရောက်သွားတာပေ့ါ။"

"အေးချမ်းသာယာတဲ့တိုင်းပြည်မှာ တပ်မတော်ဟာ တခုပဲရှိရမယ်၊ ဗမာပြည်ငြိမ်းချမ်းသွားတဲ့နေ့မှာ အဖွဲ့ တပ်ဖွဲ့စသည်ဖြင့် ရှိဖို့မလိုပါဘူး။ ကျနော်တို့တပ်မတော် KIO က ဆက်လုပ်ချင်သေးတယ်ဆိုတဲ့လူတွေကို အစိုးရရဲ့လက်အောက်ထဲ အသွင်ပြောင်းလိုက်ပေ့ါ၊ အဲဒီတော့ တိုင်းပြည်ငြိမ်းချမ်းသာယာတဲ့လက်အောက်မှာလုပ်ရမယ့်ကိစ္စဖြစ်လို့ မူအားဖြင့် လက်ခံတယ်လို့ဆိုလိုတာ။"

# ပယ်ချခံရသော သက်သေ ၂ ဦးကိစ္စ တရားရုံးချုပ်အထိတက်ရန် ဒေါ်စု တိုက်တွန်း

**DVB | ဇွန် ၁၀ ။ ။** မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က မနေ့က တိုင်းတရားရုံးက ပယ်ချလိုက်တဲ့ သူ့ရဲ့သက်သေ ၂ ဦးကိစ္စကို တရားရုံးချုပ်အထိဆက်တင်ဖို့ ပြောဆိုလိုက်တယ်လို့ သူ့ရှေ့နေဦးဉာဏ်ဝင်းက ပြောပါတယ်။

ဒီနေ့ အင်းစိန်ထောင်မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ၁ နာရီကျော်ကြာတွေ့ပြီး ဆွေးနွေးခွင့်ရတယ်လို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေ ဦးဉာဏ်ဝင်းက ပြောပါတယ်။ နေအိမ်အကျယ်ချုပ်ဖောက်ဖျက်မှုနဲ့ တရားစွဲဆိုခံထားရတဲ့ ဒေါ်အောင်ဆန်းစုကြည်အတွက် သူ့ရှေ့နေတွေက သက်သေ ၄ ဦး တင်ပြခဲ့ရာမှာ လက်ရှိ ၂ ဦးကိုသာ လက်ခံသေးတဲ့အတွက် ကျန် ၂ ဦး ထွက်ဆိုခွင့်ရရေး တရားရုံးချုပ်အထိ ဆက်တင်ဖို့ဆွေးနွေးခဲ့ကြတာပါ၊ ပယ်ချခံထားရတဲ့ သက်သေ ၂ ဦး ဖြစ်တဲ့ နေအိမ်အကျယ်ချုပ်ကျနေတဲ့ အဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌဦးတင်ဦးနဲ့ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဝင်းတင်တို့ကို သူ့အတွက် ခုခံချေပခွင့်ရရေး ဆက်လုပ်ဖို့ ဒေါ်အောင်ဆန်းစုကြည်က ဒီနေ့တွေ့ဆုံစဉ်မှာ ပြောတယ်လို့ရှေ့နေ ဦးဉာဏ်ဝင်းက ပြောပါတယ်။

"ဒီနေ့ နေ့ခင်း ၂ နာရီခွဲ လောက်ကနေ ၄ နာရီအထိ ၁ နာရီခွဲလောက်ကြာအောင်တွေ့ရတယ်။ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနဲ့ ဒေါ်ဝင်းမမ လာတယ်။ ကျနော်တို့ ရှေ့နေ ၄ ယောက်လုံး ဒီနေ့သွားပါတယ်၊ ကျနော်တို့ အဓိက ဆွေးနွေးတာက မနေ့က တိုင်းတရားရုံး ဆုံးဖြတ်ချက်နဲ့ပတ်သက်ပြီး ဆွေးနွေးတယ်။ ကျနော်တို့ သက်သေ ၁ ဦးပဲလက်ခံတယ်။ ကျန်တဲ့ ၂ ဦးကို ဆက်ပြီး ပယ်တော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ဥပဒေတွေက ဘယ်လိုရှိတယ်ဆိုတာ ကျနော်တို့ ရှင်းပြတယ်။ ဒေါ်အောင်ဆန်းစုကြည်က ဥပဒေအရ မှားတာကိုတော့ သူလက်မခံဘူး။ ဒါကြောင့် ဆုံးခန်းတိုင်အောင်သွားပါ၊ သူ့အမှုရဲ့ တခုလုံးအနေအထားကလည်း ဒါ နိုင်ငံရေးအရလုပ်တာ၊ သူ့ရဲ့ခံယူချက်ကိုလည်း သူပြောပါတယ်။"

တားဆီးမိန့်ရုပ်သိမ်းထားပြီးဖြစ်ပေမယ့် နေအိမ်ကို လုံခြုံရေးချထားဆဲဖြစ်ပြီး နေအိမ်ပြင်ဆင်ဖို့ သူ့မိတ်ဆွေတွေကို အခုအချိန်အထိ ဝင်ခွင့်မပေးတဲ့အတွက် ဒါဟာ ဥပဒေမဲ့လုပ်ရပ်ဖြစ်တယ်လို့လည်း ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုလိုက်တယ်လို့ ရှေ့နေဦးဉာဏ်ဝင်းက ပြောပါတယ်။

"မေလ ၂၆ ရက်နေ့ကတည်းက ရဲချုပ်ကိုယ်တိုင်ပါတဲ့ အဖွဲ့ကနေ တားဆီးမိန့်တွေအားလုံးကို ရုပ်သိမ်းခဲ့ပြီးပြီ၊ ရုပ်စဲလိုက်ပြီဆိုတော့ ဒေါ်အောင်ဆန်းစုကြည်အပေါ်မှာ ဒီတားဆီးမိန့်က မရှိတော့ဘူး။ ဒါပေမယ်လို့ အခုအချိန်ထိ ဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ် အိမ်စောင့်တခုထားတယ်။ နောက်ပြီးတော့ ဒေါ်အောင်ဆန်းစုကြည်က ဒီအိမ်ကလည်း ဒီအိမ်ထဲမှာ နေရတာကြာတော့ အိမ်တွေကလည်း ပြင်စရာ ပြုစရာတွေလည်းအများကြီးရှိတယ် အိမ်ထဲမှာရှိနေတဲ့ ပစ္စည်းအသုံးမလိုတဲ့ပစ္စည်းတွေ ဘာညာဒါတွေရှင်းဖို့ ဒေါ်အောင်ဆန်းစုကြည်က သူ့မိတ်ဆွေတွေကို သူတာဝန်ပေးတယ်၊ အန်အယ်လ်ဒီကမဟုတ်ဘူး၊ ဒါပေမယ် အဲ့ဒီလူတွေ ဒီနေ့ထိ အဲ့ဒီအိမ်ထဲသွားခွင့်မရသေးဘူး၊ အဲ့ဒီက ဂိတ်မှာ ကျနော်တို့အရင်ရှိနေကျပုဂ္ဂိုလ်ကပဲ အထက်အမိန့်မရသေးလို့ အခုထိဝင်ခွင့် မရသေးဘူး၊ ဒီအပေါ်မှာ ဒေါ်အောင်ဆန်းစုကြည်က လုံးဝမကျေနပ်ဘူး။ ဒါမတရားလုပ်တာပဲ ဥပဒေမဲ့လုပ်တာပဲ ကျနော်တို့ကို ပြောပါတယ်"။

ဒေါ်အောင်ဆန်းစုကြည် ရဲ့ နေအိမ်အကျယ်ချုပ် သက်တမ်းပြည့်ခါနီးမှာ သူမရဲ့နေအိမ်ကို အမေရိကန်နိုင်ငံသားတဦး ခိုးပြီး ရေကူးဝင်ရောက်မှုနဲ့ ပတ်သက်လို့ စစ်အုပ်စုက နေအိမ်အကျယ်ချုပ်ဖောက်ဖျက်မှုနဲ့ စွပ်စွဲတရားစွဲဆိုခဲ့တာပါ။ ဒီအမှုမှာ စစ်အုပ်စုဘက်က သက်သေ ၂၁ ဦးတင်ပြခဲ့ပြီး ၁၄ ဦးကို စစ်ဆေးခဲ့ပေမယ့် ဒေါ်အောင်ဆန်းစုကြည်ဘက်က သက်သေ ၄ ဦးတင်ပြရာမှာ မူလတရားရုံးက တဦးသာလက်ခံလိုက်ပြီး မနေ့ကမှ တိုင်းတရားရုံးက နောက်တဦးကို လက်ခံလိုက်တာဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အတွက် ခုခံချေပပေမယ့် သက်သေ ၄ ဦးက အဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌဦးတင်ဦး၊ အဖွဲ့ချုပ် ဗဟိုအလုပ်မှုဆောင်ကော်မတီဝင် ဦးဝင်းတင်၊ လပွတ္တာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရှေ့နေ ဦးကြည်ဝင်း၊ တောင်ကြီးမြို့က အဖွဲ့ချုပ်အတွင်းရေးမှူးလည်းဖြစ် တရားရုံးချုပ်ရှေ့နေလည်းဖြစ်တဲ့ ဒေါ်ခင်မိုးမိုးတို့ ဖြစ်ပါတယ်။

လပွတ္တာမြို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရှေ့နေဦးကြည်ဝင်းကို မူလတရားရုံးမှာ ကတည်းက စစ်ဆေးခဲ့ပြီးဖြစ်ပါတယ်။ တောင်ကြီးမြို့က တရားရုံးချုပ်ရှေ့နေ ဒေါ်ခင်မိုးမိုးကိုတော့ ဘယ်နေ့မှာ စစ်ဆေးမယ်ဆိုတာ လာမယ့် သောကြာနေ့ ရုံးချိန်းမှသိရမယ်လို့ ရှေ့နေဦးဉာဏ်ဝင်းကပြောပါတယ်၊ လာမယ့် သောကြာနေ့မှာ အပြီးသတ်လျှောက်လဲချက်တင်ဖို့ ပြင်ဆင်ထားတာကလည်း အလိုလို ရက်ရွှေ့သွားမှာဖြစ်တယ်လို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။

# အင်ဒိုနီးရှား ဝန်ကြီးပြောဆိုချက်ကို အာဆီယံအမတ်များအဖွဲ့ကန့်ကွက်

**RFA | ဇွန် ၉ ။ ။** မြန်မာပြည်သူတွေဟာ လူ့အခွင့်အရေးအချိုးဖောက်ခံနေရဆဲဘဲဆိုတာ နားလည်ပေမယ့် မြန်မာ့ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် အမေရိကန်ပြည်ထောင်စုက မြန်မာပြည်အပေါ် စီးပွားရေးပြစ်ဒဏ်ခတ်တာဟာ တကယ့်လက်တွေ့မှာ မြန်မာပြည်သူတွေကိုသာ ထိခိုက်စေတယ်လို့ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဟာဆန်ဝီရယုဒရဲ့ပြောဆိုချက်ကို လုံးဝကန့်ကွက်ကြောင်း AIPMC လို့ခေါ်တဲ့ မြန်မာ့အရေးဆိုင်ရာ အာဆီယံပါလီမန်လွှတ်တော်အမတ်များအဖွဲ့က ဒီကနေ့ဇွန်လ ၉ ရက်မှာ ပြောဆိုလိုက်ပါတယ်။

အမေရိကန်ပြည်ထောင်စုကို အလည်အပတ်ရောက်ရှိနေတဲ့ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဟာဆန်ဝီရယုဒက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စက်ဟီလာရီကလင်တန်နဲ့တွေ့ဆုံစဉ်မှာ အခုလိုပြောဆိုခဲ့တာဘဲဖြစ်ပါတယ်။ AIPMC အဖွဲ့ အင်ဒိုနီးရှားရုံးဒါရိုက်တာ မစ္စတာအာရိဖ်ဇာမာကတော့ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဟာဆန်ဝီရယုဒရဲ့ပြောဆိုမှုနဲ့ပတ်သက်လို့ ကန့်ကွက်ပါတယ်။

ကျနော်တို့ AIPMC ကတော့ ဟာဆန်ဝီရယုဒရဲ့ ပြောဆိုမှုကိုလုံးဝသဘောမတူနိုင်ပါဘူး။ ဘယ်နိုင်ငံမှာမဆို စီးပွားရေးပြစ်ဒဏ်ခတ်မှုတွေဟာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် အနည်းနဲ့အများဆိုသလို ထိရောက်မှုရှိတယ်ဆိုတာ ကျနော်တို့တွေ့ခဲ့ပါတယ်။ တချိန်က ဆူဟာတို အာဏာရှင်အုပ်စိုးမှုအောက်မှာနေခဲ့ရပြီး ဒီမိုကရေစီတိုင်းပြည်အဖြစ် ပြောင်းလဲလာခဲ့တဲ့ ကျနော်တို့အင်ဒိုနီးရှားအနေနဲ့ မြန်မာပြည်သူတွေကို ကိုယ်ချင်းစာပြီး ရှုမြင်ပြောဆိုသင့်ပါတယ်လို့ မစ္စတာအာရိဖ်ဇာမာက ရှင်းပြသွားပါတယ်။

ဒါပေမယ့် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဟာဆန်ဝီရယုဒဟာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နဲ့တွေ့ဆုံချိန်မှာ ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေးအတွက် တောင်းဆိုတာကို သဘောတူကြောင်း တနင်္လာနေ့မှာထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ မြန်မာစစ်အစိုးရကို နီးကပ်စွာအကူအညီပေးတဲ့နည်းနဲ့ ဆက်ဆံတာမျိုးကသာ မြန်မာပြည်မှာပြုပြင်ပြောင်းလဲရေးတွေ ပိုဖြစ်လာနိုင်မယ်လို့ သူယုံကြည်ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဟာဆန်ဝီရယုဒက ပြောဆိုပါတယ်။

AIPMC အဖွဲ့ အင်ဒိုနီးရှားရုံးဒါရိုက်တာ မစ္စတာအာရိဖ်ဇာမာကတော့ မြန်မာပြည်သူတွေကို အခုလိုသတင်းစကားပါးလိုက်ပါတယ်။

ကျနော်တို့ အင်ဒိုနီးရှားပြည်သူတွေ အာဏာရှင်ဆူဟာတို လက်အောက်ကြုံတွေ့ခဲ့ရတဲ့ အခြေအနေတွေဟာ မြန်မာပြည်သူတွေ ဒီကနေ့ကြုံနေရတဲ့အခြေအနေနဲ့ဆင်တူပါတယ်။ အင်ဒိုနီးရှားပြည်သူတွေ အာဏာရှင်စနစ်အောက်က လွတ်မြောက်ခဲ့တာကြောင့် မြန်မာပြည်သူတွေလည်း တနေ့မှာ အာဏာရှင်လက်အောက်က လွတ်မြောက်မယ်ဆိုတာ ကျနော်တို့ယုံကြည်ပါတယ်။

ကုလသမဂ္ဂအပါအဝင် လူ့အခွင့်အရေးအဖွဲ့တွေက မြန်မာစစ်ခေါင်းဆောင်တွေပေါ် ဖိအားပေးနိုင်အောင် နိုင်ငံတကာမိသားစုတွေက ဝိုင်းဝန်းကြိုးပမ်းဘို့ လိုပါတယ်လို့ပြောဆိုသွားပါတယ်။

# ကောက်ရိုးမီးတောက်ကို ကျော်လွှန်၍ မီးကုန်ယမ်းကုန် အဆုံးသတ်တိုက်ပွဲဆီသို့

ခင်မမမျိုး

ဂလက်စဂိုမြို့သို့ ရောက်လာခဲ့ပြန်ချေပြီ။ ကမ္ဘာ့လူ့ပ်ရှားမှုနေ့အဖြစ် နိုင်ငံတကာကဲမ်ပိန်းများတွင် ပါဝင်ဘို့ဖြစ်သည်။ လွန်ခဲ့သော စက်တင်ဘာတော်လှန်ရေးတုန်းကလည်း တကမ္ဘာလုံးလှုပ်ရှားမှုများတွင် ပါဝင်ခဲ့တာကို သွားသတိရမိသည်။ ဘာလိုလိုနဲ့နှစ်တွေတောင်ကြာလာခဲ့ပြီဘဲ။ မြန်မာ့နိုင်ငံရေးမှာ အတိုက်အခံတွေဘက်က နိုင်ငံရေးချိန်ခွင့်လျှာ အလေးသာစေမည့် ဖြစ်ရပ်ပေါင်းများစွာ ဆက်တိုက်ဖြစ်ပေါ်နေလျှက်ရှိသည်။

ဒီပဲယင်းလူသတ်ပွဲ၊ စက်တင်ဘာတော်လှန်ရေး၊ နာဂစ်မုန်တိုင်း၊ ပြီးတော့ အခု လူထုခေါင်းဆောင် မတရားအမှုဆင် ထောင်သွင်းခံရမှု၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ သတင်းမီဒီယာများ၊ အစိုးရခေါင်းဆောင်များ၏ အာရုံစိုက်မှုကိုအများဆုံးခံရသည့် အဖြစ်အပျက်များ၊ ပြည်ပရောက်မြန်မာများကို တဝုန်းဝုန်းလှုပ်ရှားမှုများဖြစ်စေသည့် အဖြစ်အပျက်များ၊ ကောက်ရိုးမီးတောက်လို ခဏတောက်ပြီး ပြန်ငြိမ်ကျသွားခြင်းမရှိစေရန်ကိုတော့ အားလုံးဂရုစိုက်ကြဘို့ လိုအပ်သည်။ ရှေးယခင်က ကောက်ရိုးမီးတောက်ဖြစ်ခဲ့ရသည့် အဖြစ်အပျက်များမှ သင်ခန်းစာများကို ပြန်ယူကြဘို့လိုအပ်သည်။ သို့မှသာ ကောက်ရိုးမီးတောက်ကိုကျော်လွှန်၍ မီးကုန် ယမ်းကုန် အဆုံးသတ်ပွဲဆီသို့ ဦးတည်နိုင်ပေလိမ့်မည်။

## ကောက်ရိုးမီး တောက်သင်ခန်းစာများ

ဒီပဲယင်းလူသတ်ပွဲ၊ စက်တင်ဘာတော်လှန်ရေး၊ နာဂစ်မုန်တိုင်း စသည်တို့ကို ပြန်လှန်သုံးသပ်ကြည့်ကြပါစို့။

ဒီပဲယင်းလူသတ်ပွဲသည် ရှစ်ဆယ့်ရှစ်တော်လှန်ရေးနောက်ပိုင်းတွင် ဝုန်းကနဲ လူအများအာရုံကို ဆွဲယူနိုင်စွမ်းအရှိဆုံး မီးတောက်တခုဖြစ်ခဲ့သည်။ တကမ္ဘာလုံးတွင်ဆန္ဒပြပွဲများ တရှိန်ထိုးဖြစ်ပွားစေခဲ့သည်။ နိုင်ငံတကာအဖွဲ့အစည်းများသို့ အရေးယူပေးပါရန် တောင်းဆိုမှုအများအပြား ပေါ်ပေါက်ခဲ့သည်။ ယခု ၆ နှစ်ကြာကာလရောက်တော့ ဤမျှကြီးမားလှသော လူသတ်ပွဲ၊ နိုင်ငံတော်အကြမ်းဖက်မှုပွဲကြီးသည် ဒီပဲယင်းနှစ်ပတ်လည် တနာရီကြာဆန္ဒပြပွဲလေးများ ဟိုတစ ဒီတစ ပေါ်လာရုံလေးမျှသာ ကျန်တော့သည်။

ဘာတွေမှားခဲ့ကြသနည်း။ လူထုခေါင်းဆောင်နှင့် လူထုရွေးကောက်တင်မြှောက်ထားသည့် တပ်ဦးပါတီအပေါ် ပြင်းထန်စွာတိုက်ခိုက်မှုကို လူထုသို့စည်းရုံးလှုံ့ဆော်ရန် ပျက်ကွက်ခဲ့ကြခြင်းကြောင့်ဖြစ်သည်။ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရအပေါ် အလုံးစုံအားကိုးခဲ့ကြသောကြောင့်ဖြစ်သည်။ ထိုအားကိုးစိတ်က နိုင်ငံတကာအဖွဲ့အစည်းများ၏ အမှန်တကယ်စွမ်းဆောင်နိုင်မှုအခြေအနေကို မသုံးသပ်တော့ဘဲ နိုင်ငံတကာကတော့ လက်ပိုက်ကြည့်နေမှာမဟုတ်ပါဘူးဆိုသော စိတ်ကူးယဉ်မှုကိုဖြစ်စေသည်။

ထိုမှတဆင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ဝင်ရောက်သွားသည်နှင့် အစိုးရခေါင်းဆောင်များမှ စတိတ်မဲန့်များထုတ်လိုက်သည်နှင့် ငါတို့တော့ အောင်မြင်တော့မှာဘဲဆိုသော မျှော်လင့်ချက်ကြီးပေါ်လာသည်။ ထိုစိတ်ကူးယဉ်မှုနှင့် မျှော်လင့်ချက်သည် ပြည်သူလူထုထံသို့လည်း မီဒီယာများမှတဆင့်ကူးစက်သွားသည်။ ထိုမှတဆင့် ပြည်တွင်းပြည်ပ ဟန်ချက်ညီမှုလျော့သွားတော့သည်။ မျှော်လင့်သလို တကယ်ဖြစ်မလာသောအခါတွင်ကား မီးတောက်က မီးညွန့်ကျိုးသွားခဲ့ပြီ။

စက်တင်ဘာတော်လှန်ရေးသည်လည်း ထိုနည်းလည်းကောင်းပင်ဖြစ်ခဲ့သည်။ ပြည်ပမီဒီယာတွေအားလုံးမှာ သတင်းအချက်အလက်တွေ တမဟုတ်ချင်းပျံ့နှံ့သွားသည်။ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရခေါင်းဆောင်များမှ ကန့်ကွက်မှုများ ရက်အနည်းငယ်အတွင်းထွက်လာသည်။ တကမ္ဘာလုံးရှိ Grass root အဖွဲ့အစည်းများ၊ ကမ္ဘာ့ပြည်သူလူထုကလည်း တော်တော် အားပေးကြသည်။ မြို့ငယ်လေးများတွင်လုပ်သည့် လှုပ်ရှားမှုများတွင်ပင် လူထောင်ချီသည်။ လုံခြုံရေးကောင်စီအထိရောက်သည်။ တရုတ် ရုရှားက ကန့်ကွက်တော့ နိုင်ငံတကာလှုပ်ရှားမှုအရှိန် အနည်းငယ်ကျသွားသည်။

ဂမ်ဘာရီဝင်သွားလိုက်တော့ အောင်တော့မယ်ဆိုသည့် မျှော်လင့်ချက်များကထွက်လာပြန်သည်။ ယူအဲန်တပ်ကြီးဘဲဝင်လာတော့မလိုလို၊ အခုဘဲ အမေရိကန်နဲ့ဗြိတိန်က ဝင်လာတော့မလိုလို သတင်းလွှင့်ကြပြန်သည်။ လူထုကလည်း တကယ်ဟုတ်တော့မှာဘဲလို့ စောင့်စားသည်။ ရန်သူကနိုင်ငံတကာကို ဘယ်လိုလှည့်စားရမလည်းဆိုတာ နောကြေနေပြီ။ ဒိုင်ယာလော့ခ်လုပ်တော့မလို ခြေလှမ်းပြလိုက်သည်။ ဘယ်လောက်ဘဲ ခံရ ခံရ ရန်သူ့ခြေလှမ်းကို သဘောမပေါက်ကြသေး။ ထောက်ခံကြိုဆိုမှုများပင် လုပ်လိုက်ကြသေးသည်။ လှည့်စားခံရမှန်း တကယ်သိရတော့ ပွဲပြီးမီးသေ ဖြစ်နေပြီ၊ ဖြစ်နိုင်ချေမရှိသော မျှော်လင့်ချက်များပေးခဲ့မှုက လူထုရဲ့စိတ်ဓာတ်တက်ကြွမှုနှင့် မျှော်လင့်ချက်ကိုရိုက်ချိုးလိုက်သည်။

နောက်တခါ ပေါ်ထွက်လာသည်က နာဂစ်မုန်တိုင်း၊ နာဂစ်မခံရသည့်ဒေသများမှ ပြည်သူများကို လှုံ့ဆော်ရေးလုပ်ပြီး မုန်တိုင်းဒဏ်ခံရသည့် ပြည်သူများအား ကူညီရေးအတွက် စစ်အုပ်စုအားတောင်းဆိုသည့် လူထုအုံကြွမှုပြုလုပ်ရန် လုပ်သည့်အဖွဲ့များက အနည်းငယ်သာရှိသည်။ အားလုံးဝုန်းဒိုင်းကျဲလုပ်နေသည်ကတော့ အမေရိကန်ဝင်ပေးရန်၊ ယူအဲန်ဝင်ပေးရန်၊ တောင်းဆိုမှုသာဖြစ်သည်။ နိုင်ငံတကာဆက်ဆံရေး နားလည်သူများက ဖြစ်မည်မဟုတ်ဟုပြောကြတော့ ထိုလူများကိုပင် နအဖ လူများဟုစွပ်စွဲကြပြန်သည်။

နိုင်ငံ၏ နိုင်ငံရေးပထဝီဝင်အနေအထားကိုလည်းထည့်မတွက် နိုင်ငံတကာအဖွဲ့အစည်းများ၏ လုပ်ကိုင်မှုစွမ်းရည် အားနည်းချက်များကိုလည်း မစဉ်းစား၊ အဖြစ်အပျက်နှင့်လုံးဝမဆိုင်သည့် ငြိမ်းချမ်းရေးတပ်ဖွဲ့စေလွှတ်ဘို့ကိုလည်း ထည့်ပြောကြသည်။ ငြိမ်းချမ်းရေးတပ်ဖွဲ့ဆိုတာ ဘယ်လိုအခြေအနေမျိုးမှာ လွှတ်ရသည်ဆိုတာကို မသိလို့တော့ဖြစ်မည်မဟုတ်။ ရမလားဆိုပြီး ထင်ရာမြင်ရာ စွတ်တင်ကြခြင်းသာဖြစ်သည်။ အမေရိကန်တပ်များကို မည်သို့မည်ပုံကြိုဆိုရမည်ကိုပင် မြန်မာပြည်သူလူထုကို နည်းပေးလမ်းပြလုပ်ကြသေးသည်။ လက်တွေ့ကျတော့ သဲထဲရေသွန်ဖြစ်ကုန်ခဲ့သည်။

အရေးထဲ အရာထဲမှာ စစ်အုပ်စုကဖွဲ့စည်းပုံထောက်ခံမဲများ လိမ်ယူသွားသည်။ နောက်ပိုင်းဖွဲ့စည်းပုံနဲ့ပတ်သက်ပြီး ပြင်ပေးပါဆိုတော့ လူထုကထောက်ခံထားလို့ လူထုကိုမလေးစားရာကျမှာစိုးလို့ဆိုပြီး သူခိုးက လူပြန်ဟစ်နေသည်။ နောက်ပိုင်းမှ ဖွဲ့စည်းပုံကိုပြင်ပေးပါ တောင်းဆိုမယ့်အစား ပွဲမဖြစ်ခင်ကတည်းက မပြင်ရင် လူထုကမဲလုံးဝမပေးဘဲ ကန့်ကွက်မည်ဟု အဘယ်ကြောင့်မဆိုခဲ့ကြသနည်း။ ရန်သူသည် မသမာသူ လူလိမ်လူညာများမှန်း အကြိမ်ကြိမ်သိပြီးသားဖြစ်ပါလျှက် မဲခိုးမဲလိမ်မည်ကိုထည့်မတွက်ဘဲ ကန့်ကွက်မဲဘာကြောင့်ထည့်ခိုင်းခဲ့ကြသနည်း။ နအဖ ကတော့ မှန်မှန်ကန်ကန်လုပ်မှာဘဲလို့များ စိတ်ကူးယဉ်ခဲ့ကြသလား။ အကောင်းမြင် မျှော်လင့်ချက်လေးများကို ဒီလောက်ဆိုးဝါးယုတ်မာသော ရန်သူအပေါ်မှာမှထားရှိပြီး ယုံကြည်နေမှုသည် ရန်သူနှင့်မတန်ကြောင်း သဘောပေါက်သင့်ကြပြီ။

ဒီကြားထဲ ရွေးကောက်ပွဲဆိုတော့ ဝင်ရမယ်၊ ပူးသတ်ရမယ်လို့ ဆိုလာကြပြန်သည်။ နိုင်ငံတကာကစောင့်ကြပ်မှုလို့ ဆိုလာကြပြန်သည်။ စောင့်ကြပ်ကြည့်ရှုသည့်ကြားက မဲလိမ်သွားရင် ဘယ်လိုလုပ်ကြပါမည်နည်း။ စစ်အုပ်စုက မသမာနည်းသုံးရင်လည်း နိုင်ငံတကာကလက်ပိုက်ကြည့်နေမှာ မဟုတ်ပါဘူးဆိုသည့် မျှော်လင့်ချက်ကို မည်မျှအထိဆက်လက်ဆုပ်ကိုင်ထားမည်နည်း။ လက်ပိုက်ကြည့်နေမည်မဟုတ်ပါ။ မှန်ပါသည်။ အဖြစ်အပျက်နှင့်လျော်ညီသည့် အသုံးအနှုန်းများဖြစ်သော ဝမ်းနည်းကြောင်း၊ ကန့်ကွက်ကြောင်း၊ စစ်အုပ်စုကိုဘာလုပ်ဘို့ ညာလုပ်ဘို့ တိုက်တွန်းပါကြောင်း စတိတ်မဲန့်ပေါင်းများစွာ ထွက်လာပါလိမ့်မည်။

**ဆက်လက်ဖော်ပြမည်**

# ဒေါ်အောင်ဆန်းစုကြည်လွှတ်ပြောက်ရေး လွှတ်ပြောက်–ငြိမ်းချမ်း တီရှပ် ကမ်ပိန်း

**DVB၊ ဂျွန် ၁၀။ ။** မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လွှတ်ပြောက်ရေးအတွက် ပဲခူးတိုင်း ဇီးကုန်းမြို့မှာ သာမန်ပြည်သူ လူငယ်တွေက တီရှပ်ဝတ်ဆင်တဲ့ လှုပ်ရှားမှုကို ဆောင်ရွက်နေကြပါတယ်။

ရင်ဘတ်မှာ ဖရီး (လွှတ်မြောက်ရေး) ကျောဘက်မှာ ပိစ် (ငြိမ်းချမ်းရေး) စတဲ့ စာလုံးတွေကို အနီရောင်နဲ့ရေးထားပြီး ငြိမ်းချမ်းရေးချိုးငှက်ပုံပါတဲ့ အဖြူရောင်တီရှပ်တွေကို ဆင်တူဝတ်ဆင်ထားတဲ့ လူငယ်တချို့နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အမျိုးသမီးအဖွဲ့ဝင်တွေက ဇီးကုန်းမြို့တွင်းမှာ ဆယ်ဦးစီ နှစ်စုခွဲပြီး လှည့်လည် ဆန္ဒဖော်ထုတ်ကြတာပါ။

"ငွေရေးကြေးရေးခက်ခဲတော့ အင်္ကျီကရိုက်ရတာ ကိုယ့်ချွေးနဲစာနဲ့ စုပြီးတော့ ဝယ်ရိုက်ထားရတာဆိုတော့ ၁၀ ယောက်လောက်ပဲ ရှိတာ။ စာတမ်းရဲ့အဓိပ္ပါယ်က ဖရီး (လွှတ်မြောက်ရေး) ဆိုတဲ့ စာတမ်းက ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေးကို ရည်စူးတယ်။ နောက်က (ငြိမ်းချမ်းရေး) ကတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ စည်းလုံးညီညွတ်မှုမရှိတာတွေ၊ တိုက်ပွဲတွေဖြစ်နေတာတွေ ငြိမ်းချမ်းစေချင်တဲ့ဆန္ဒနဲ့ ဝတ်ဆင်တာဆိုတော့ လူငယ်အများစုက သဘောကျကြတယ်။ ကျနော်တို့လည်းပါမယ် ဝတ်မယ်ဆိုတော့ အင်္ကျီက မရှိဘူးဖြစ်နေတာ။"

သူတို့တတွေဟာ ဘယ်နိုင်ငံရေးအဖွဲ့အစည်းကမှမဟုတ်ဘဲ တရားမျှတရေးနဲ့ ငြိမ်းချမ်းရေးကို လိုလားတဲ့ သာမန်ပြည်သူထဲက ပေါက်ဖွားလာတဲ့ တာဝန်သိ လူငယ်တွေပါလို့ အဲဒီလူငယ်က ပြောပါတယ်။

"အကုန်လုံးက စိတ်တူကိုယ်တူ တိုင်ပင်ပြီး ဘယ်လိုပုံစံမျိုးလုပ်မယ်ဆိုတာတိုင်ပင်ပြီးတော့ ညှိညှိနှိုင်းနှိုင်းနဲ့ လုပ်ကြတဲ့သဘောပါ။ ကျနော်တို့က ပြည်သူတွေထဲ ကပါ။"

ဒီလူငယ်တွေဟာ ကြွေးကြော်ဆန္ဒပြနေကြတာ မဟုတ်ဘဲ သူတို့ကို နေ့စဉ်သွားလာလှုပ်ရှားနေကျအတိုင်း ဈေးထဲ၊ လမ်းပေါ်၊ လက်ဖက်ရည်ဆိုင် စတဲ့ နေရာတွေမှာ တွေ့နိုင်ပါတယ်လို့လည်း ပြောပါတယ်။ ဒီလူငယ်တွေဟာ ၂၀၀၇ ရွှေဝါရောင်သံဃာ့အရေးတော်ပုံတုန်းကလည်း သံဃာတော်တွေကို အားပေးထောက်ခံခဲ့လို့ သူတို့ကို အာဏာပိုင်တွေက စုံစမ်းစစ်ဆေးဖူးကြောင်း ဒီလှုပ်ရှားမှုမှာလည်း သူတို့ကို အာဏာပိုင်တွေက စောင့်ကြည့် အကဲခတ်နေပေမယ့် ရဲရဲဝံ့ သတ္တိရှိရှိ တာဝန်သိသိလှုပ်ရှားဆောင်ရွက်နေတာ တွေ့ရလို့ အားရကြောင်း ဇီးကုန်းမြို့ခံတဦးက ပြောပါတယ်။ တီရှပ်တွေဝတ်ဆင်တဲ့ လှုပ်ရှားမှုကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အမျိုးသမီးအဖွဲ့ဝင်တွေကလည်း ဆောင်ရွက်ကြပါတယ်။

ဒီနေ့ မနက် ၉ နာရီလောက်မှာ ရန်ကုန်–ပြည်ကားလမ်းဘေးမှာရှိတဲ့ ဇီးကုန်းဈေးကိုသွားပြီး ဆန္ဒဖော်ထုတ်ကြပုံကို "ဇီးကုန်းဈေးကလည်း ၉ နာရီလောက် တော်တော်စည်တယ်၊ အဲဒီအချိန်မှာ အန်တီတို့က ဝတ်စုံအပြည့်ဝတ်၊ ဈေးကိုပတ်ပြီး ဈေးထဲဝင်တယ်။ လူတွေကလည်း တော်တော်လေး အားပေးကြတယ်။

ဒီဝတ်စုံနဲ့ပတ်သက်ပြီး သူတို့ သဘောကျကြတယ်၊ အားပေးတယ်" လို့ အဖွဲ့ချုပ် ဇီးကုန်းမြို့နယ် စည်းရုံးရေးကော်မတီဝင် ဒေါ်ခင်ဝိုင်းက ပြောပါတယ်။ ဒီလှုပ်ရှားမှုတွေကို ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်တဲ့အထိ ဆောင်ရွက်သွားကြမယ်၊ တခြားမြို့ရွာတွေက လူငယ်တွေအပါအဝင် ဒီမိုကရေစီရေးလိုလား သူတိုင်း၊ အမှန်တရားမြတ်နိုးသူတိုင်း ဒီလှုပ်ရှားမှုမှာ ပါဝင်စေချင်တယ်လို့ ဇီးကုန်းက လူငယ်တွေက ပြောပါတယ်။

---

# ဒေါ်စုကို ဖမ်းဆီးမှု စီအာပီပီဝေဖန်

**DVB၊ ဂျွန် ၁၀။ ။** ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးထားမှုအပေါ် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မီတီ CRPP က ဒီနေ့မှာ ဝေဖန်လိုက်တယ်လို့သိရပါတယ်။

CRPP အဖွဲ့ဝင်တဦးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည် ဖမ်းဆီးခံရပြီးကတည်းက ပထမဆုံးအကြိမ်ကျင်းပတဲ့ အစည်းဝေးကနေ အခုလိုဝေဖန်လိုက်တာပါ။ အဖွဲ့ချုပ်ရုံးမှာ ဒီနေ့ကျင်းပတဲ့ CRPP အစည်းအဝေး ထူးခြားချက်တွေနဲ့ ပတ်သက်ပြီး အတွင်းရေးမှူး ဦးအေးသာအောင်က ပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည် လက်ရှိ တရားစွဲခံထားရတဲ့ကိစ္စရယ်၊ ဒီအပေါ်မှာ ဖြစ်ပေါ်လာမယ့် နောက်ဆက်တွဲအခြေအနေတွေရယ် ဆွေးနွေးကြတာပါ။ တကယ်တော့ ခိုးဝင်လာတာက ဂျွန်ယတ်ထော၊ တာဝန်ရှိတာက လုံခြုံရေးအဖွဲ့၊ တရားစွဲခံနေရတာက ဒေါ်အောင်ဆန်းစုကြည်ဆိုတော့ စွဲထားတဲ့အမှုဟာ ဘယ်လိုမှ သက်ဆိုင်မှုမရှိဘူးဆိုတာ မြင်ရတယ်။"

ဒေါ်အောင်ဆန်းစုကြည်ကို ထောင်ချမယ်ဆိုရင် CRPP အနေနဲ့ ဘာဆက်လုပ်မယ်ဆိုတဲ့ ရှေ့လုပ်ငန်းစဉ်တွေဆွေးနွေးခဲ့ပေမယ့် တိကျတဲ့ဆုံးဖြတ်ချက် မချနိုင်သေးသလို အသေးစိပ်ပြောဖို့လည်း မဖြစ်နိုင်သေးဘူးလို့ ဦးအေးသာအောင်က ပြောပါတယ်။

---

# ဒေါ်စုကိစ္စ ဝန်ကြီးချုပ်ကိုတိုက်တွန်းစာပို့

**DVB၊ ဂျွန် ၁၀။ ။** ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေးအတွက် သံတမန်ရေးအရဆောင်ရွက်ပေးဖို့ တိုက်တွန်းထားတဲ့စာကို အိန္ဒိယဝန်ကြီးချုပ်မာန်မိုဟန်ဆင်းထံ IPFDB (ခေါ်) မြန်မာအရေးဆောင်ရွက်မယ့် အိန္ဒိယပါလီမန်အမတ်များအဖွဲ့က ပေးပို့လိုက်တဲ့အကြောင်း ဒီနေ့သတင်းစာရှင်းလင်းပွဲပြုလုပ်ပါတယ်၊

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ အမျိုးသမီးသတင်းထောက်အသင်းမှာ ပြုလုပ်တဲ့ အဲဒီ သတင်းစာရှင်းလင်းပွဲကို IPFDB ရဲ့ ပူးတွဲညှိနှိုင်းဆောင်ရွက်ရေးတာဝန်ခံ အိန္ဒိယအထက်လွှတ်တော် အမတ် ရှရပ်ဂျိုရှိက ဦးဆောင်ရှင်းလင်းတာဖြစ်ပါတယ်။ အဲဒီ ရှင်းလင်းချက်ထဲမှာ ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေးအတွက် အိန္ဒိယအစိုးရက သံတမန်ရေးနည်းလမ်းနဲ့ဆောင်ရွက်ဖို့ ပါတီပေါင်းစုံက အထက်နဲ့အောက်လွှတ်တော်အမတ် ၁၁၄ ဦး လက်မှတ်ထိုးထားတဲ့ စာကိုလည်း ပူးတွဲပေးအပ်လိုက်ကြောင်း ရှင်းပြထားပါတယ်၊ အထက်လွှတ်တော်အမတ် ရှရပ်ဂျိုရှိက အိန္ဒိယအစိုးရအနေနဲ့ မဟတ္တမဂန္ဒီနည်းလမ်းနဲ့ တိုက်ပွဲဝင်နေတဲ့ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ မြန်မာဒီမိုကရေစီအရေးကိုလည်း အားပေးဖို့လိုအပ်ကြောင်း ပြောပါတယ်။

"အိန္ဒိယအစိုးရအနေနဲ့ မြန်မာစစ်အစိုးရကို သံတမန်ရေးအရ တောင်းဆိုဖို့ လိုအပ်ပါတယ်။ အိန္ဒိယလွတ်လပ်ရေးရတာ မဟတ္တမဂန္ဒီ နည်းလမ်းတွေကြောင့်ပဲ။ ဒေါ်အောင်ဆန်းစုကြည်ဟာ မဟတ္တမဂန္ဒီ နည်းလမ်းနဲ့ တိုက်ပွဲဝင်နေတယ်လို့ ကျနော် အသေအချာပြောနိုင်တယ်။ ဒါ့ကြောင့် မြန်မာပြည်အတွက် လွတ်လပ်ရေး၊ ဒီမိုကရေစီ စတာတွေလာကို လာမှာပါ။"

သတင်းစာရှင်းလင်းပွဲမှာ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီး ဒေါက်တာ တင့်ဆွေလည်း တက်ရောက်ပြီးရှင်းလင်းပါတယ်။

"မြန်မာနိုင်ငံမှာ ဒီမိုကရေစီရရှိမှ အိန္ဒိယနိုင်ငံလည်း အကျိုးရှိမှာပါ။ ဒေါ်အောင်ဆန်းစုကြည်ဟာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထက် အရေးကြီးပါတယ်။ အိန္ဒိယအစိုးရအနေနဲ့ မြန်မာဒီမိုကရေစီအရေး ဆောင်ရွက်နေတဲ့သူတွေနဲ့ ဆက်ဆံတာဟာ မြန်မာစစ်ဗိုလ်တွေထက်ပိုပြီး အကျိုးရှိစေပါတယ်။ ဒါ့ကြောင့် အခုလို အိန္ဒိယ အထက်အောက်လွှတ်တော်အမတ်တွေ လက်မှတ်ထိုးပြီး ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေး တောင်းဆိုတဲ့စာကို အိန္ဒိယအစိုးရက မှားယွင်းနေတဲ့ မြန်မာပြည်ဆိုင်ရာ မူဝါဒတွေ ပြန်စဉ်းစားနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"။

သတင်းစာရှင်းလင်းပွဲမှာ အိန္ဒိယလွှတ်တော်အမတ် ၂ ဦး အပါအဝင် မြန်မာအရေး စိတ်ဝင်စားသူ အနည်းငယ်နဲ့ သတင်းသမားတချို့ကို တွေ့ရပါတယ်၊


ဇာတ်ပေါင်းသော်
POWER...
I AM SO SORRY FOR YOU....
SOB
SOB
TO INSEIN
RELEASE FROM..
myBurma 09

# အမေရိကန်သံရုံးရှေ့ ဆန္ဒပြပွဲ စစ်အုပ်စုဖန်တီးမှုဖြစ်နိုင်ခြေရှိ

**DVB၊ ဂျွန် ၈။** ။ လွန်ခဲ့တဲ့သီတင်းပတ်အတွင်းက ဖြစ်ပွားခဲ့တဲ့ ရန်ကုန် အမေရိကန်သံရုံးရှေ့ဆန္ဒပြပွဲဟာ နအဖကိုယ်တိုင် ဖန်တီးမှုဖြစ်နိုင်တယ်ဆိုတဲ့ ထင်ကြေးပေးမှုတွေ ထွက်ပေါ်နေပါတယ်။

လွန်ခဲ့တဲ့ ကြာသပတေးနေ့မှာ အမျိုးသမီးတဦးနဲ့ ကလေးငယ်နှစ်ဦးဟာ တက္ကသိုလ်ရိပ်သာလမ်းက အမေရိကန်သံရုံးရှေ့မှာ စာတမ်းကိုင်ပြီး ၁၅ မိနစ်ကြာဆန္ဒပြခဲ့ကြပါတယ်။ အဲဒီနောက် သူတို့ကို ရဲတွေက ခေါ်သွားပါတယ်။ လုံခြုံရေးထူထပ်တယ်လို့ နာမည်ကြီးတဲ့ ဒီလမ်းမှာ ဆန္ဒပြတဲ့ သူတို့အားလုံးကိုနောက်နှစ်ရက်မှာ ပြန်လွှတ်လိုက်ပြီဖြစ်တဲ့အကြောင်း နေပြည်တော်က ပိတောက်မြေ အသံလွှင့်ဌာနက ကြေညာခဲ့ပါတယ်။ သူတို့ ဘယ်သူ ဘယ်ဝါဆိုတာတော့ မပြောတာကြောင့် ဒီဆန္ဒပြပွဲဟာ အာဏာပိုင်တွေကိုယ်တိုင် ဖန်တီးတာ ဖြစ်နိုင်တယ်လို့ ရန်ကုန်မြို့ခံတွေက သံသယရှိကြပါတယ်။

"နည်းနည်းတော့ ဆန်းနေတာပေါ့ဗျာ၊ ဆန်းနေတော့ကာ ဘယ်လိုဖြစ်နိုင်လဲဆိုတော့ သူတို့ဘက်က ဖန်တီးတာမျိုး" လို့ ရန်ကုန်က အကဲခတ်တဦးက ပြောပါတယ်။ အရင်တုန်းက အမေရိကန်သံရုံးရှေ့မှာ ဆန္ဒပြပွဲတွေ ဖြစ်လေ့ဖြစ်ထရှိတိုင်းမှာ သံရုံးတာဝန်ရှိသူတွေကို အာဏာပိုင်တွေက နောက်ဆက်တွဲ ညှိနှိုင်းဆောင်ရွက်ခဲ့တာတွေ ရှိဖူးပေမယ့် အခုကိစ္စမှာတော့ ဘာမှ ဆောင်ရွက်တာမတွေ့ရဘူးလို့ အကဲခတ်တဦးက ပြောပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွတ်မြောက်နယ်မြေ နိုင်ငံခြားရေးဌာနတာဝန်ခံ ဦးညိုအုန်း မြင့်ကတော့ ဒီဆန္ဒပြပွဲဟာ နအဖကိုယ်တိုင်ဖန်တီးတာ ဖြစ်နိုင်ခြေပိုများတယ်လို့ ခန့်မှန်းပါတယ်။

"နအဖအနေနဲ့ မသမာမှုတွေ ဆက်တိုက်လုပ်မယ်လို့ ကျနော်ထင်ပါတယ်။ နအဖအနေနဲ့ ဒီမိုကရေစီရဲ့ကျင့်စဉ်တခုဖြစ်တဲ့ လွတ်လပ်စွာပြောကြားခွင့်ကို ပေးတယ်ဆိုပြီးတော့ နိုင်ငံတကာရဲ့မျက်နှာစာမှာ သူတို့က လူဆိုးတွေမဟုတ်ပါဘူး … သူတို့တွေက ဒီလိုမျိုး လူသားချင်းစာနာတတ်ပါတယ်ဆိုတဲ့ ကိစ္စကို ယှဉ်ထိုးပြီးတော့ ပြတာလည်းဖြစ်ပါတယ်။"

တက္ကသိုလ်ရိပ်သာလမ်းမှာနေထိုင်တဲ့ လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို အာဏာပိုင်တွေက ဖမ်းဆီးထားပြီး တရားစွဲထားချိန်မှာ ဒီလိုကိစ္စကို အချိန်ကိုက်လုပ်တာလည်း ဖြစ်နိုင်တယ်လို့ ဦးညိုအုန်းမြင့်က ပြောပါတယ်။

"ဒီလိုကိစ္စမျိုးတွေမှာ ပိုပြီးတော့ ဒီပြင်သတင်းတွေကို ထပ်ပြီးတော့ ဖော်ထုတ်ခြင်းအားဖြင့် ဒေါ်အောင်ဆန်းစုကြည်ရဲ့သတင်းကို အပြည်ပြည်ဆိုင်ရာမှာမှေးမှိန်စေတယ်၊ နောက်တခု ထူးခြားတာက ဒေါ်အောင်ဆန်းစုကြည်ရဲ့အိမ်နဲ့မဝေးတဲ့ အမေရိကန်သံရုံးမှာ ဒီလိုဆန္ဒပြမှုဖြစ်သွားတယ်ဆိုတာကို ပြောတယ် … နောက်တခါ နေပြည်တော်ရဲ့သတင်းဌာနကနေပြီးတော့ ဒီ မိသားစုကိုပြန်လွှတ်လိုက်ပါပြီဆိုတာပြောတယ် … သူတို့တွေက ဘယ်သူ့မိသားစုဆိုတာလည်း မဖော်ပြထားတဲ့အတွက်ကြောင့် ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ နအဖရဲ့မရိုးမသားလုပ်ရပ်လို့ ကျနော်ထင်ပါတယ်။"

ဒီစွပ်စွဲချက်တွေနဲ့ပတ်သက်လို့ ဒီလူတွေကို ဖမ်းဆီးခဲ့တဲ့ ကမာရွတ်မြို့နယ်ရဲတပ်ဖွဲ့မှူး ဒု–ရဲမှူးရွှေမန်းကို ဘယ်လိုတုံ့ပြန်ချင်ပါသလဲလို့ မေးမြန်းရာမှာ ပြန်မဖြေပါဘူး။ ပြီးခဲ့တဲ့ ကြာသပတေးနေ့ မနက်ကိုးနာရီခွဲလောက်မှာ တက္ကသိုလ်ရိပ်သာလမ်းက အမေရိကန်သံရုံးရှေ့မှာ အမျိုးသမီး ၂ ဦးနဲ့ ကလေး ၃ ဦးတို့ ဆန္ဒထုတ်ဖော်ခဲ့ကြတာလို့ အမေရိကန်သံရုံး ပြောခွင့်ရသူ 'ရိတ်ခ်ဗိုက်ဇတ်က အတည်ပြုပြောကြားခဲ့ပြီး "လူအုပ်စုလေးတစုက သူတို့ကိုယ်ရေး ကိုယ်တာ စိုးရိမ်ပူပန်မှုတွေအတွက် လာတောင်းဆိုတာပဲ၊ နိုင်ငံရေးနဲ့မဆိုင်ဘူးလို့သိပါတယ်" လို့ ဆို ပါတယ်၊ ဆန္ဒပြတဲ့ အမျိုးသမီး ၂ ဦးနဲ့ ကလေးတွေဟာ ဘယ်သူ့အတွက်၊ ဘာကိစ္စအတွက် ဆန္ဒပြသလဲဆိုတာ အတည်မပြုနိုင်သေးပါဘူး။

Voice of Burma


**1-507, Horifune Jutaku**
**Horifune 2-27-1**
**Kita Ku, Tokyo**
**Japan. 114 - 0004**

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
voburma@ac.auone-net.jp



၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်


AIR MAIL

**To**

PRINTED MATTER